# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၁၃ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

( ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် )

[ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး ၊ အခမ်းအနားမှူး အဖြစ် ဦးသိန်း မော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။ ]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယ ခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြ န်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၃ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး၊** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ၁၃ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာအရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှ ယ်ဦးရေ စုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်း၏ (၉၅.၈၇)ရာခိုင်နှုန်းရှိပြီးတက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက် ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေ ခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြ ခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ န ည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၁၃ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ
# ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျားအမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဦးစိုင်းသန့်ဇင် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းသန့်ဇင်ဖြစ်ပါတယ်။ ကျွန်တော်က ဦးစိုင်းကျော်ဇောသန်းရဲ့ကိုယ်စား ခွင့်ပန်ကြားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ဟာ သွားနုတ်ရာမှ ရောင်ရမ်း ကိုက်ခဲလာပါသဖြင့် ယနေ့ ခုတင်(၁၀၀၀)ဆေးရုံကို သွားရောက်ပြသမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ယနေ့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးကို တက်ရောက်နိုင်ခြင်း မရှိတဲ့အတွက်ကြောင့် (၁)ရက်ခွင့်ပေးပါရန် ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦး စိုင်းကျော်ဇောသန်း ရဲ့ ၇-၉-၂၀၁၁ ရက်နေ့ ခွင့်(၁)ရက် ပန်ကြားချက်ကို လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသော်ဇင်ဦး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေ သကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော် ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော်က မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှ တ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေ ဟာ နေမကောင်းနေပါသဖြင့် ယနေ့ ၇-၉-၂၀၁၁ ရက်နေ့(၁)ရက်အား အမျိုးသားလွှတ်တော် တက်ရောက်ခြင်းမှ ခွင့်ရက်အဖြစ် သတ်မှတ်ပေးပါရန် ဦးသန်းဆွေ ကိုယ်စား ခွင့်တိုင်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ ရဲ့ ၇-၉-၂၀၁၁ ရက်နေ့ ခွင့်ပန်ကြားချက်ကို လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးမြင့်လှိုင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမြင့်လှိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဟာ ခု တင်(၁၀၀၀)ဆေးရုံကြီးတွင် ဆေးကုသနေရာမှ ဓါတ်ခွဲစမ်း သပ်ရန်လိုအပ်၍ နေပြ ည်တော်ဆေးရုံကြီးမှ ရန်ကုန်သို့ သွားရမည်ဖြစ်ပါ၍

အစည်းအဝေးသို့ မတက်ရောက်နိုင်ပါ။ သို့ပါ၍ ဦးမောင်အေးထွန်း အား နေပြည်တော်မှ ရန်ကုန်သို့ ဆေးစစ်ဆေးခြင်းသွားရောက်နိုင်ရန် ၇-၉-၂၀၁၁ ရက်နေ့မှ ၁၅-၉-၂၀၁၁ ရက်နေ့ထိ ခွင့်(၇)ရက် ပေးနိုင်ပါရန် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ကျွန်တော် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်မှ တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ (၇)ရက်က (၁၅)ရက်ထိ (၈)ရက်ဖြစ်မှာပေါ့။ ခွင့်(၈)ရက်ဖြစ်မှာပေါ့။

**ဦးမြင့်လှိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်း ရဲ့ ၇-၉-၂၀၁၁ ရက်မှ ၁၅-၉-၂၀၁၁ ရက်နေ့ထိ ခွင့်ပန်ကြားချက်ကို လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇**။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကိုတက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၅) နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

### ဇလွန်မြို့ ရေဘေးကာကွယ်ရေးတာတမံထိန်းသိမ်းခြင်းနှင့် ရေလွှဲလမ်းကြောင်းပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ။** ။ ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးညွန့်လှိုင် က ဇလွန်မြို့ ရေဘေးကာကွယ်ရေး တာတမံထိန်းသိမ်းခြင်းနဲ့ ရေလွှဲလမ်းကြောင်း ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးညွန့်လှိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွပြည်ထောင်စုဝန်ကြီးများ၊လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟင်္သာတခရိုင်၊ဇလွန်မြို့ရဲ့ မြို့ရေဘေးကာကွယ်ရေး တာတမံအား

ထိန်းသိမ်းရေးနှင့် ရေလမ်းလွှဲကြောင်းအား ပြည်ထောင်စုအဆင့်မှ ထိန်းသိမ်းဆောင်ရွက်ပေးသင့်ကြောင်းကိစ္စနှင့်ပတ်သက်၍ မေးမြန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့ဟာ ဧ ရာဝတီမြစ်ကမ်းနံဘေးမှာ တည်ရှိတာ ဖြစ်ပါတယ်။ မြို့ရဲ့ အဓိကလူနေရပ်ကွက်မှာလည်း ဧရာ ဝတီရေကာတာရဲ့ ကာကွယ်မှုနဲ့ နေထိုင်ရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ဇလွန်မြို့နယ်၊ မြို့မနယ်မြေဟာ ဧရာဝတီမြစ် ရေဘေးကာကွယ်တာတမံ ဆန့်တန်းတာ နံဘေးမှာတည်ရှိတာ ဖြစ်တဲ့အတွက် နှစ်စဉ် မြစ်ကြောင်းပြောင်းလဲ ၍ ရေတိုက်စားမှုကြောင့် ကမ်းပြို ကမ်းစားမှုများ နှစ်စဉ်ခံစားလျက်ရှိ ပါတယ်။ မြို့ရေတိုက်စားမှု မခံစားရရန်အ တွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နဲ့ န ည်းပညာများဖြင့် အစီအစဉ်များကိုပြုလုပ်ကာ မြို့မိမြို့ ဖများ၊ ဒေသဆိုင်ရာအာဏာပိုင်များနဲ့ အသင်းအဖွဲ့များ ပါဝင်သော အဖွဲ့ဖွဲ့ပြီး၍ တာတမံများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ ရပါတယ်။ အထက်ပါဆန်တန်းတာကို ကမ်းပြိုကမ်းစားခြင်းမှ ကာကွယ်ခြင်း၊ မြစ်ကမ်း ထိန်းသိမ်းခြင်း လုပ်ငန်းနဲ့ မြို့အရှေ့ဘက်ရှိ ရေလယ်သောင်၊ ရေလွှဲမြောင်းတူးဖော်၍ မြစ်ရေစီးကြောင်း ပြောင်းခြင်း လုပ်ငန်းဟူ၍ (၂)ပိုင်း ပါရှိပါတယ်။ အဆိုပါလု ပ်ငန်း(၂)ခုမှာ လုပ်ငန်းထုထည်ပမာဏကြီးမား တဲ့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အုပ်ချုပ်မှုအာဏာပိုင်များ၊ လူထု အားနဲ့ မနိုင်နင်းနို င်ပါသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပိုမိုအားဖြည့်ဆောင်ရွက်ပေးမှသာ နိုင်နင်း စွာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ သို့ပါ၍ ပြည်ထောင်စုအဆင့်မှ ကျွန်တော် တင်ပြခဲ့တဲ့ ဆ န်တန်းတာတမံ ထိန်းသိမ်းရေးနှင့် ရေလမ်းကြောင်းလွှဲခြင်းလုပ်ငန်းများကို အဆင့်မြင့်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို ပြည်သူများက သိလိုပါ၍ တင်ပြမေးမြန်း ရခြင်း ဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့်ပတ်သက်ပြီး ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ပြည် ထောင်စု ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၂။**

**ဦးညဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးအနေနဲ့ ဧရာဝတီတိုင်း၊ ဇလွန်မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်လှိုင် ရဲ့မေးခွန်းကို ပြန်လည်ဖြေကြား မှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့အတိုင်းပဲ ကျွန်တော်တို့ ဇလွန်မြို့ဟာ ဧရာဝတီမြစ်ကမ်းရဲ့ အနောက်ဘက်ခြမ်းမှာရှိပြီးတော့ ဟင်္သာတမြို့ရဲ့တောင်ဘက်မှာ ရှိပါတယ်။ ထူးခြားတာကတော့ ဇလွန်မြို့ရဲ့အရှေ့ဘက်မှာ ဧရာ ဝတီမြစ်ထဲမှာ ဥက္ကဋ္ဌကြီးခင်ဗျား။ နန်းတော်ကျွန်းဆိုတဲ့ ကျွန်းကြီးတစ်ကျွန်းရှိပါတယ်။ ဧရာဝတီမြစ်ဟာ ဇလွန်မြို့အပေါ်ဘက် (၃) (၄)မိုင်ကနေပြီးတော့ ကွေ့ပြီးစီးပါတယ်။ ကွေ့စီးတဲ့အခါကျတော့ ဇလွန်မြို့ဟာ ဒီမြစ်ကွေ့ရဲ့ အောက်တားတန်းပေါ့။ ရေအပြင်ဘက် အကွေ့မှာရှိ ပါတယ်။ ဒါကြောင့်မို့လို့ မိုးကြီးတဲ့ မိုးရွာတဲ့အချိန် မိုးများတဲ့အချိန်ကျရင် ဧရာဝတီမြစ်ရေဟာ ကျွန်တော်တို့ ဇလွန်မြို့နဲ့ နန်းတော်ကျွန်းထဲကလည်း စီးတယ်။ နန်းတော်ကျွန်းနဲ့ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းကလည်း စီးတယ်၊ ရေကြောင်း(၂)ခု၊ မြစ်ကြောင်း(၂)ခု ဖြစ်ပေါ်နေပါတယ်။ သို့သော်လည်းဖွဲ့အနောက်ဘက်ကမ်းမှာရှိတဲ့ ရေကြောင်းဟာ အကျယ်ကြီးဖြစ်ပြီးတော့ နန်းတော်ကျွန်းနဲ့ အရှေ့ ဘက်ကမ်းကရေကြောင်းက ကျဉ်းကျဉ်းလေး ဖြစ်ပါတယ်။ ဒါပထမဦးဆုံး ကျွန်တော်တင်ပြရတာပါ။ အဲ ဒီတော့ ဇလွန်မြို့ ရေလမ်းကြော င်း ပြောင်းလဲမှုကြောင့် ရေတိုက်စားမှုဟာ ၁၉၉၄ ခုနှစ်ကတည်းက စပြီးတော့ ကမ်းပြိုမှု ဖြစ်ခဲ့ပါတယ်။ အဲဒီကစပြီးတော့ ကျွန်တော်တို့ဖြစ်တဲ့အကြောင်းကို လေ့လာတဲ့အခါကျတော့ မိုးများတဲ့အချိန် မှာလည်း သူက အောက်တားတန်းမှာရှိတော့ မြစ်ရေက သူ့ဘက်က တိုက်စားသွားတဲ့အတွက်ကြောင့် မိုးများလို့ရှိရင်လည်း မြစ်ကမ်းပြိုပါတယ်။ မိုးနည်းတဲ့ ရာသီကျလို့ရှိရင်လည်း ပြီးခဲ့တဲ့အယာက်က ကျွန်တော်တင်ပြခဲ့သလိုပဲ ဧရာဝတီမြစ်ရဲ့ အနိမ့်ဆုံးရေအနိမ့်ဟာ (၃၇)ပေလောက်ကွာပါတယ်။ အနိမ့်ဆုံးနဲ့ အမြင့်ဆုံးကကွာတော့ အဲဒီရေကျသွားတဲ့ အချိန်မှာလည်း ဒီမြစ်ရဲ့ မြေသားအနေအထားက သဲဆန်ပြီးတော့ အထဲရေတွေနဲ့ မြစ်ထဲကို စီးဝင်တယ်။ မြစ်ထဲကို ပြိုတာ ဖြစ်ပါတယ်။ ရေကျချိန်မှာ ကမ်းပါးပြိုပြီးတော့ရေတက်တဲ့အချိန်မှာ

D:\အမျိုးသားလွှတ်တော် Web Portal Data\အစည်းအဝေးမှတ်တမ်းမှတ်ရာ\ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှတ်တမ်းမှတ်ရာ\2nd Meetting\9-2011\7-9-2011 (13)@Final.docx

ကမ်းပါးတိုက်စားမှုကြောင့်ပြိုတာအကြောင်း နှစ်ရပ်ကြောင့် ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက် ပြီးတော့ ဇလွန်မြို့ မြစ်ကမ်းပါးထိန်းသိမ်းရေးနဲ့ပတ်သက်ပြီးတော့ ၁၉၉၄ ခုနှစ်မှ စတင်ပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဇလွန်မြို့ မြစ်ကမ်းပါး ထိန်းသိမ်းရေးနှင့် မြစ်ရေကြီးမှု ကာကွယ်ရေးအတွက် ကျွန်တော်တို့ ဝန်ကြီးဌာန(၂)ခု၊ ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ နောက်တစ်ခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှစ်ခု တာဝန်ယူ ဆောင်ရွက်ရပါတယ်။ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကတော့ မြစ်ရေတက်လာလို့ရှိရင် အထဲကို ရေမဝင်အောင် လယ်သမားတာတွေ သူတို့ တည်ဆောက်ပေးပါတယ်။ ကျွန်တော်တို့ကတော့ ဒီမြစ်ရေကမ်းပါးမပြိုအောင် ကျွန်တော်တို့က တာဝန်ယူတည်ဆောက်ပေးပါတယ်။ ဇလွန်မြို့နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ မှတ်တမ်းများအရ ၂၀၀၃-၂၀၀၄ ကနေစပြီးတော့ စတင်ပြီးတော့ တည်ဆောက်ခဲ့ပါတယ်။ ၂၀၀၃-၂၀၀၄ ကနေစပြီးတော့ လုပ်ငန်း (၁၆)ခုပေါ့။ ကျွန်တော်တို့ စုစုပေါင်းမီတာ (၉၁၆)မီတာ၊ ပေ(၂၇၀၀)လောက် သောင်တူးခြင်းကို ဖေ့၄၅၀၀)လောက် ဆောင်ရွက်ခဲ့ပါတယ်။အဲဒီတော့ ဇလွန်မြို့ ကမ်းပြိုမှုကာကွယ်ရေးအတွက် ကျောက်စီရေကာတာ (၁၃၀)မီတာ၊ မြေထိန်းနံရံက (၈၈)မီတာ၊ နောက်တစ်ခါ မြစ်ကမ်းထိန်းခြင်း စတဲ့လုပ်ငန်းများက ပြီး ခဲ့တဲ့ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း သန်းပေါင်း(၃၄၆.၆)သန်း ဇ လွန်မြို့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနက အကုန်အကျခံပြီး ပြုပြင်ထိန်းသိမ်းခဲ့ပါတယ်။ သို့သော်လည်းပဲ ခုနက ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ ကျွန်တော်တို့ ရေများတဲ့ အခါကျရင် ကမ်းပါးထိန်းဖို့ အုတ်နံရံတွေ၊ ကျောက်စီရေကာတာတွေ စီပါတယ်။ သို့သော်လည်းပဲ စုစုပေါင်းလုပ်ရမယ့် အကျယ်က ရှည်လျားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဘဏ္ဍာရေးနှစ်အလိုက် ခွဲခြားပြီး လုပ်တာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ခုနက တင်ပြတဲ့အတိုင်းပဲ ဒီဇလွန်မြို့ ကမ်းနားထိန်းဖို့ဆိုလို့ရှိရင် သူက ထုထည်ပမာဏ တော်တော်ကြီးမားတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနဆောင်ရွက်ချက်များကိုလည်းအကျဉ်းချုပ်တင်ပြမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ရေဘေးကာကွယ်ရေးတာများ တည်ဆောက်တဲ့အခါမှာ ဆန်တန်းတာဟာ ဧရာဝတီမြစ် ရေဘေးကာကွယ်ရေးတာဖြစ်ပြီးတော့ မိုင်တိုင်အမှတ် (၂၅/၁) မှ (၂၅/၃)အတွင်း တည်ရှိပါတယ်။ တာတမံ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆည်မြောင်း ဦးစီးဌာနက ဆောင်ရွက်ပြီး ရေကာတာတန်းရိုက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဧပြီလမှ မေလအတွင်းမှာ ဇလွန်မြို့နဲ့ပတ်သက်ပြီး ရေလျှံမှုကိုကာကွယ်ဖို့ တာကို

သူတို့ အပြီးရိုက်ပြီးပါပြီ။ဆည်မြောင်းဦးစီးဌာနက ရိုက်ပြီးဖြစ်ပါတယ်။ အဲဒီနောက် အနောက်ဘက် ပေ(၁၂၀၀)ခန့်အကွာမှာ ပေ (၃၁၀၀)ရှိတဲ့ ဦးသီလပန်းတာကိုလည်း ကြိုတင်ပြီး ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြချင်တာကတော့ မြစ်ရေကြီးလာရင် ဇလွန်မြို့ထဲ ရေမဝင်အောင်ဖို့အတွက် တာများလည်း တည်ဆောက်ပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ရေများလာရင် ကမ်းပြိုမှုတော့ ကျွန်တော် တို့က အကန့်လိုက် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်မယ့် စီမံ ချက်ကတော့ ဇလွန်မြို့ အထက်ပေါ့။ အိုးဖိုရွာကနေပြီးတော့ အောက်ဘ က်အထိ(၅.၉)မိုင်၊ (၆)မိုင် ကျွန်တော်တို့ ဒါကို ထိန်းသိမ်းရမှာဖြစ်ပါတယ်။ (၆)မိုင်ကို ကျွန်တော် တို့ နှစ်အလိုက် စီမံချက်ချပြီးတော့ ဒါကို ရေကမ်းထိန်းလုပ်ငန်းများကို ဆောင်ရွက်ပါတယ်။ ယခုနှစ်မှာတော့ ဒီဇလွန်မြို့ရဲ့ မြို့နားမှာကပ်နေတဲ့ (၂၈၅)ပေ၊ (၃၀၀)ပေလောက်ကို ငွေကျပ်သန်း(၅၀) ကျွန်တော်တို့ လျာထားပါတယ်။ကိုယ်စားလှယ်တော်ကြီးတို့ ပြန်လည်ရောက်လို့ရှိရင်လည်း ဒီလုပ်ငန်း တွေကို လုပ်ရမယ့် လုပ်ငန်းတို့ကို သွားပြီးတော့ ကြည့်ရှုပြီးတော့ အကြံ ဉာဏ်ပေးခြင်း၊ ကြပ်မတ်ခြင်းလုပ်ငန်းကို လုပ်လို့ရပါတယ်။ ဒီနှစ်မှာ ကျွန်တော်တို့ ဒါ့ထက်မိုး ကုန်ရင် စလုပ်မှာဖြစ်ပါတယ်။ အဲဒီတော့ ဇလွန်မြို့ ခုနရေလမ်းကာကွယ်ရေးနဲ့ပတ်သက်ပြီးတော့ ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ ရေရှည် ပြည်ထောင်စုအဆင့်ကနေပြီးတော့ ဝန်ကြီးဌာနတွေ ပေါင်းပြီးတော့လုပ်ဖို့ စီမံကိန်း ရှိ/မရှိ သူမေးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဧရာဝတီ မြစ်ကြောင်း ဗန်းမော် ကနေပြီးတော့ ရန်ကုန်အထိ ရေကြောင်းကျပ်တဲ့နေရာတွေကို ရေကြောင်းရေနက်အောင်ရရှိဖို့နဲ့ ခုန မြစ်ကမ်းနားမှာရှိတဲ့ မြို့အားလုံးကို မပြိုအောင်ပေါ့ ၊ ထိန်းသိမ်းဖို့ဆိုတာ သမ္မတကြီးက ကျွန်တော်တို့ ဒီအမြန်ဆုံး စီမံချက်ရေးဖို့ လုပ်ထားတာရှိပါတယ်။ ဒါကြီးကို ကျွန်တော်တို့ အမြန်ဆုံး စီမံချက်ရေးပြီးတော့ မြစ်ကမ်းမှာရှိတဲ့မြို့အားလုံးကို ဘယ်လိုထိန်းမလဲဆိုတာကို စီမံချက်ရေးနေပါတယ်။ နောက်တစ်ခါ လွှတ်တော်ကျရင်တော့ ဒီဟာနဲ့ပတ်သက်ရင် ဥက္ကဋ္ဌကြီးကနေစပြီးတော့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို တင်ပြနိုင်မှာဖြစ်ပါတယ်။ ကုန်ကျစရိတ်များသော်လည်းပဲ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ဘတ်ဂျက်မူဝါဒအရ ကျွန်တော်တို့ ရှာတဲ့ငွေနဲ့ ဒါကို အဆင်ပြေအောင်လုပ်မှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြချင်တာကတော့ ဇလွန် မြို့ မြစ်ကမ်းထိန်းသိမ်းတဲ့ လုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ဒါကို အပေါ်ကလည်းသိပါတယ်။ ဝန်ကြီးဌာန(၂)ခု ပေါင်းပြီးတော့ ကျွန်တော်တို့ ကြိုးစားပြီးတော့ ဘတ်ဂျက် ရန်ပုံငွေနဲ့ ဆောင်ရွက်နေပါတယ်။ နောင်မှာလည်း

စီမံကိန်းချပြီး ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိကြောင်း ဖြေကြားရင်း နဲ့ နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ယခု လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက မေးမြန်းမယ့်မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ဖြစ်ပါတယ်။

**ငရုတ်ကောင်းတောင်- ငရုတ်ကောင်းကားလမ်းအား ရာသီမရွေးသွားလာနိုင်ရန် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပုသိမ် -ငပုတောကားလမ်း စီစဉ်ဆောင်ရွက်မည့် အခြေအနေနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆ န္ဒနယ်အမှတ်(၁)မှ ဦးစိုးဟန်လင်း က ငရုတ်ကောင်းတောင်ငရုတ်ကောင်းကားလမ်းအား ရာသီမရွေးသွားလာနိုင်ရန် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပုသိမ် -ငပုတောကားလမ်း စီစဉ်ဆောင်ရွက်မည့် အခြေအနေနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးစိုးဟန်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး နဲ့တကွ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတို င်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဟန်လင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွ န်တော့်အနေဖြင့် ငရုတ်ကော င်းတောင်နှင့် ငရုတ်ကောင်း ကားလမ်းအား အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ သိ ရှိလိုပါ၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဖတ်ကြားတင်ပြ ခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

ငရုတ်ကောင်းမြို့နယ်ခွဲဟာ ဧရာဝတီတိုင်းဒေသကြီး ၊ ငပုတောမြို့နယ်မှာ ပါဝင်ပြီး အနောက်ဘက် ပင်လယ်ကမ်းခြေဒေသ ဖြစ်ပါတယ်။ ယခင်ကာလများမှာ ရေလမ်းခရီးကိုသာ အဓိကထားပြီး ငရုတ်ကောင်းမြို့နယ်ခွဲမှ ထွက်ရှိသော ကုန်ပစ္စည်းများကို ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲရှိ ငွေသောင်ယံစက်လှေ ဆိပ်ကမ်း သို့ တင်ပို့ကြရပါတယ်။ ၎င်းမှတစ်ဆင့် ပုသိမ်မြို့သို့ ဆက်လက်တင်ပို့ကြရပါတယ်။ ထိုသို့ မိုးရာသီကာလမှာ လေမိုးထန်သဖြင့် ရေလမ်း ခရီးစဉ်ဟာ အလွန်အန္တရာယ်များ တာကြောင့် ရေကြောင်းခရီးစဉ် မကြာခဏရပ်ဆိုင်းထားကြ ရပါတယ်။ ယခုကာလမှာ နိုင်ငံတော်၏ စီမံကိန်းလမ်းတစ်လမ်းဖြစ်တဲ့ ပုသိမ်မော်တင် ကားလမ်းဟာ (၉၈)မိုင်ကွာဝေးပြီး ကတ္တရာလမ်း ဖြစ်ပါတယ်။ ငရုတ်ကောင်းတောင်ဟာ ပုသိမ်-မော်တင် လမ်း ပေါ်မှာတည်ရှိပြီး ငရုတ်ကောင်းမြို့နယ်နဲ့ မိုင် (၂၀)ခန့် ကွာဝေးပါတယ်။ ၁၉၉၃ ခုနှစ်မှာ ငရုတ်ကောင်းတောင်ရွာနဲ့ ငရုတ်ကောင်းမြို့ ကားလမ်းကို ဒေသအာဏာပိုင်အဖွဲ့ နဲ့ ဒေသ စည်ပင်သာယာရန်ပုံငွေတို့ဖြင့် နွေရာသီ မြေသားလမ်းတချို့၊ ကျောက်လမ်းတချို့ ဖောက်လုပ် ခဲ့ရာ ၁၉၉၆ ခုနှစ်မှာ ကားများ စတင်ပြေးဆွဲနိုင်ခဲ့ပါတယ်။ ဤကဲ့သို့ ကားများ ပြေးဆွဲနိုင်သဖြင့် ငရုတ်ကောင်းမြို့နယ်ခွဲမှ နိုင်ငံ့ဝန်ထမ်းများ ၊ ပြည်သူများဟာ ပုသိမ်မြို့သို့ အချိန်တိုတောင်းစွာ သွားရောက်နိုင်ပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး များစွာ အဆင်ပြေ ချောမွေ့ ခဲ့ပါတယ်။ ဒါပေမယ့် မိုးတွင်းကာလမှာ ကားလမ်း မကောင်းတော့သဖြင့် ကားဖြင့်သွားလာမှုမှာ ရပ်ဆိုင်းထားကြရပါတယ်။ ငရုတ်ကောင်းတောင်ရွာနဲ့ ငရုတ်ကောင်းမြို့ကားလမ်းကို အမြဲသွားလာ နိုင်သောလမ်းဖြစ်လာရန် စည်ပင်သာယာရေးလမ်း အဖြစ်မှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတဲ့လမ်းအဖြစ် ဆောင်ရွက်နိုင်ပါက ပိုမိုသင့်တော်မည်ဟု ပြည်သူတို့ က ဆန္ဒရှိနေကြ ပါတယ်။ သို့ဖြစ်ပါ၍ ပုသိမ်-မော်တင် ကားလမ်းပေါ်ရှိ ငရုတ်ကောင်းတောင်ရွာနဲ့ ငရုတ်ကောင်းမြို့ ကားလမ်းကို ရာသီမရွေး သွားလာနိုင်တဲ့လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စည်ပင်သာယာ လမ်းအဖြစ်မှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းအဖြစ် တာဝန်ယူဆောင်ရွက် ရန်အစီအစဉ် ရှိ/မရှိ သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

## လပ္ပတ္တာ-မြောင်းမြကားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကားလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှိုင်ဦး က လပ္ပတ္တာ-မြောင်းမြကားလမ်းအား ရာသီမရွေး သွားလာနိုင်သော ကားလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ။ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ယနေ့ အစည်းအဝေးသို့ တ က်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သရင်း နှုတ်ခွန်းဆက်သါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဆောက်လုပ် ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက် နေတဲ့ စုစုပေါင်းလမ်းမိုင်အရှည် (၄၆)မိုင် (၂)ဖာလုံရှိတဲ့ လပ္ပတ္တာ -မြောင်းမြကားလမ်း လမ်းပြုပြင်ခြင်းနဲ့ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း လုပ်ငန်းများနဲ့ပတ်သက်၍ ဆွေးနွေး မေးမြန်း တင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မေးမြန်းချက်အား ဖတ်ကြား တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ လပ္ပတ္တာ-မြောင်းမြကားလမ်းကို လပ္ပတ္တာမြို့နယ်ဘက်ခြမ်းလမ်းအပိုင်းနှင့် မြောင်းမြမြို့နယ်ဘက်ခြမ်း လမ်းအပိုင်းဟူ၍ လပ္ပတ္တာတံတား ပင်လယ်လေး၏ တစ်ဖက်ကမ်းစီအား နယ်မြေပိုင်းခြား သတ်မှတ်၍ တာဝန်ခွဲဝေဆောင်ရွက်ကြကြောင်း လေ့လာသိရှိရပါတယ်။ လပ္ပတ္တာမြို့မှ လပ္ပတ္တာတံတား ပင်လယ်လေး၏ လပ္ပတ္တာမြို့နယ်ဘက်ခြမ်း တံတားအခြေအထိ လမ်းမိုင်အရှည်မှာ(၂၁)မိုင် (၆)ဖာလုံ ရှိပြီး လပ္ပတ္တာမြို့နယ် ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်းအဖွဲ့နှင့် လမ်းအထူး (၁၅)အဖွဲ့တို့မှ

တာဝန်ခွဲဝေဆောင်ရွက်ကြရန်စီစဉ်ထားကြောင်း လေ့လာသိရှိရပါတယ်။ လပွတ္တာမြို့နယ်ဘက်ခြမ်း လမ်းအပိုင်းတွင် ကတ္တရာလမ်းမိုင်အရှည် (၆)မိုင် (၄)ဖာလုံ သာရှိပြီး ကတ္တရာလမ်းမှာလည်း ချိုင့်ခွက်များ၊ လမ်းပေါက်များနှင့် လှိုင်းထသည့်နေရာများ ဖြစ်ပေါ်နေသည့်အတွက် လမ်းပေါက်ဖာထေး၊ ပြုပြင်ပေးရန် လိုအပ်နေကြောင်းတွေ့ရှိရပါတယ်။ ကျန်ရှိသည့် လမ်းမိုင်အရှည် (၁၅)မိုင် (၂)ဖာလုံမှာ (က) အမာခံမြေသားလမ်း၊ (ခ) အဆင့်နိမ့်ကျောက်လမ်းနဲ့ (ဂ)အဆင့်မြင့်ကျောက်လမ်း စသဖြင့် တစ်နေရာနဲ့ တစ်နေရာ မတူကွဲပြားစွာရှိသော လမ်းအနေအထားဖြစ်ပြီး ရေတိုက်စား၍ ရေစီးကြောင်းဖြစ်သည့်နေရာချိုင့်ခွက်များဖြစ်သည့်နေရာနှင့်လမ်းလှိုင်းထနေသည့် နေရာများစွာရှိကြောင်း တွေ့နေရပါတယ်။ မိုးရာသီကုန်ဆုံး၍ ပွင့်လင်းရာသီသို့ ရောက်ရှိပါက ခွင့်ပြုရန်ပုံငွေရရှိသည့်အပေါ် မူတည်၍ လမ်းပြုပြင်ခြင်းနဲ့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဂဝံကျောက်များ စုဆောင်းထုခွဲချထားခြင်းနဲ့ လတ်တလောတွင်လည်း လမ်းပြုပြင်နေခြင်းတို့ကိုလည်း တွေ့မြင်ရပါတယ်။ လပွတ္တာတံတားပင်လယ်လေး၏ မြောင်းမြမြို့နယ်ဘက်ခြမ်း တံတားအခြေမှ မြောင်းမြမြို့ ၊ မြောင်းမြကြိုးတံတားအခြေထိ မြောင်းမြမြို့နယ်အပိုင်း လမ်းမိုင်အရှည်မှာ (၂၄)မိုင် (၂)ဖာလုံရှိပြီး ကတ္တရာလမ်းမှာ စုစုပေါင်း အရှည် (၆)မိုင် (၃)ဖာလုံ (၂၇၀)ပေခန့်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ၎င်းကတ္တရာလမ်းတွင် ပင်လယ်လေးတံတားမှ ကညင်ကိုင်းရွာထဲအထိလမ်းနှင့် မြောင်း မြမြို့အဝင် အဝေးပြေး လမ်းခွဲမှ ကုလားကုန်းလမ်းဆုံ အပိုင်းအထိမှာ ချိုင့်ခွက်များနဲ့ ပေါက်ပြဲ ပျက်စီးနေပါသဖြင့် လမ်းပေါက်ပြုပြင်ဖာထေးပေးရန် လိုအပ်ကြောင်းတွေ့ရှိရပါတယ်။ မြောင်းမြမြို့နယ်ဘ က်ခြမ်း တွင် ကျန်ရှိသည့်လမ်းမိုင်အရှည် (၁၇)မိုင် (၆)ဖာလုံ (၃၉၀)ပေခန့်တွင် ကျောက်ချောလမ်းမှာ တောင်ပေါ်စုရွာအဝင်မှ ဆောင်ပုံရွာထိပ်အထိသာရှိပြီး ကျန်လမ်းအပိုင်းမှာအမာခံမြေသားလမ်းအဆင့်သာဖြစ်ပြီး ချိုင့်ခွက်များ၊ ရေစီးကြောင်းများ ရွှံ့ဗွက်ထသည့်နေရာများ၊ လမ်းလှိုင်းထသည့်နေရာများ များစွာဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါတယ်။ မြောင်းမြမြို့နယ်ဘ က်ခြမ်း လမ်းအပိုင်းကို မြောင်းမြမြို့နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအဖွဲ့နဲ့ လမ်းအထူး(၁၆)အဖွဲ့တို့မှ တာဝန်ခွဲဝေ ဆောင်ရွက်ကြမည်ဖြစ်ကြောင်းနှင့် မိုးရာသီကုန်ဆုံး၍ ပွင့်လင်းရာသီသို့ရောက်ရှိပါက အဖွဲ့နှစ်ဖွဲ့မှ လမ်းမိုင်အရှည်တစ်မိုင်နဲ့ သုံးပိုင်းတစ်ပိုင်း ဖာလုံခန့်အား ကတ္တရာလမ်းအဖြစ် ထပ် မံတိုးချဲ့ဆောင်ရွက်ရန် စီစဉ်လျ က်ရှိကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ သို့ဖြစ်ပါ၍ (၄၆)မိုင် (၂)ဖာလုံရှည်သော လပွတ္တာ-မြောင်းမြ ကားလမ်းတွင် (၁၂)မိုင်(၇)ဖာလုံ (၂၇၀)ပေခန့်သာ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ထားပြီး ကျန်ရှိသည့် လမ်းမိုင်

အရှည် (၃၃)မိုင် (၃၉၀)ပေခန့်အား အမာခံမြေသားလမ်းမှကျောက်ချောလမ်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းစသဖြင့် ပြုပြင် ဆောင်ရွက်ရန် လိုအပ်နေကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား၊ ကျွန်တော်အနေနဲ့ အထူးအလေးထားတင်ပြချင်တာကတော့ လပွတ္တာ-မြောင်းမြ ကားလမ်းရဲ့ လပွတ္တာမြို့နယ်ဘက်ခြမ်းတွင် လမ်းအတွက်အသုံးပြုနိုင်သည့် လမ်းခင်းကျောက်များ အချို့နေရာ များတွင် လမ်းဘေး ဝဲယာမှ အလွယ်တကူ တူးဖော်ထုတ်လုပ်နိုင်ပြီး အမြော က်အများ ထုတ်လုပ် နိုင်သည့် နေရာမှာလည်း မနီးမဝေးနေရာမှာရှိ ကြောင်း တင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ လပွတ္တာ -မြောင်းမြ ကားလမ်းမှာ ပထဝီအနေအ ထားအရ မြန်မာနိုင်ငံ၏ အနောက်တောင်ဘက်စွန်း ပင်လယ်ကမ်းခြေ ကျေးရွာများသို့ ဆက်သွယ်သွားလာနို င်သည့် လမ်းတစ်လမ်း ဖြစ်သည့်အတွက်ကြောင့်လည်းကောင်း၊ မြောင်းမြမြို့နယ်နှင့် လပွတ္တာမြို့နယ် အတွင်းရှိ ကျေးရွာများ၏အားကိုးအားထားပြုရာ တစ်ခုတည်းသောလမ်းဖြစ်သည့်အတွက်ကြောင့် လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ကျေးလက် နေပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားထားရသည့် လမ်းတစ်လမ်း ဖြစ်သည့်အတွက်ကြောင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာ တွေ့ကြုံရပါက သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အစီအစဉ် များကို လျင်မြန် ထိရောက်စွာ သွားလာလုပ်ကိုင်ဆောင်ရွက်ပေးနိုင်သည့် လမ်းတစ်လမ်းဖြစ်သည့်အတွက်တို့ကြောင့် လပွတ္တာ-မြောင်းမြကားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကားလမ်းဖြစ်စေရန် လမ်းပြုပြင် ထိန်းသိမ်းခြင်းနှင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ယခုထက်ပိုမို၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးနိုင်ပါက ဆောင်ရွက်ပေးပါရန်နှင့် မည်ကဲ့သို့ဆောင်ရွက်ပေး နိုင်မည်ကို သိရှိလိုပါသဖြင့် တင်ပြမေးမြန်းခြင်းဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား ကျေးဇူးတင်ပါတယ်ခင်ဗျား

## ဘိုကလေး-စက်ဆန်း-အမာ စီမံကိန်းလမ်းပေါ်ရှိ သက်ချောင်းကူးတံတားအား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးမောင်မောင်အေး က ဘိုကလေး-စက်ဆန်း-အမာ စီမံကိန်းလမ်းပေါ်ရှိ သက်ချောင်းကူးတံတား

အား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးမောင်မောင်အေး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံ ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန် တော်ကတော့ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်အေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြမှာကတော့ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာ ကားလမ်း ပေါ်မှာရှိတဲ့ သကံချောင်းကူးတံတားအား ဆောက်ရွက်ပေးနိုင်ပါရန် အစီအစဉ်ကို သိရှိလိုပါသဖြင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးမြန်းချက်ကို ဖတ်ကြားတင်ပြခွင့်ပြုပါရန် ပန်ကြား အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးမောင်မောင်အေး၊ ဧရာဝတီတိုင်း မဲဆန္ဒနယ်အမှတ်(၁၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရေးတွင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး လုံခြုံ ချောမွေ့ကောင်းမွန်ရေးသည် အရေးပါသော အချက်ဖြစ်ပါတယ်။ ဘိုကလေးမြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီးရဲ့ မြစ်ဝကျွန်းပေါ်ဒေသ၏ တောင်ဘက်အစွန်းပိုင်းမှာရှိပြီးတော့ ဧရာဝတီတိုင်းဒေသကြီးလမ်း ကွန်ယက်အမှတ် (၆) ဘိုကလေး-စက်ဆန်း-ထော်ပိုင်- အမာ ကားလမ်း သည် အမာမြို့နယ်ခွဲအပါအဝင်ဘိုကလေးမြို့နယ်တောင်ပိုင်းသင်လယ်ကမ်းခြေမှ ဘိုကလေးမြို့နယ် အထိ ကျေးရွာ ပေါင်း (၂၂)ရွာကို ဖြတ်သန်းပြီးတော့ ကျေးရွာပေါင်း (၇၃)ရွာအား လမ်းပန်း ဆက်သွယ်မှုချောမွေ့စေပြီး မြန်မာနိုင်ငံအနှံ့ သွားလာဆက်သွယ်နိုင်သော ကုန်းလမ်းထွက်ပေါက် တစ်ခုဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင် ဗျား။ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာ ကားလမ်းသည် ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့တဲ့ နာဂစ်မုန်တိုင်းဒဏ်ကို ခံစား ရပြီးတဲ့နောက် အဆိုပါဒေသခံ ပြည်သူတို့၏ ဘဝလုံခြုံချောမွေ့စေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်မှန်းပြီးတော့ (၃၈)မိုင် (၅)ဖာလုံအရှည် မြေသားလမ်းဖောက်လုပ်ခဲ့ရာ ယခုအခါတွင် မြေသားလမ်း လုံးဝပြီးစီးသွား

သည့်အပြင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် တံတားများဆောက်လုပ်ခြင်း လုပ်ငန်းများအား တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ခဲ့ရာ ပွင့်လင်းရာသီများတွင် ထော်လာဂျီ၊ ဆို င်ကယ်၊ စက်ဘီး တို့ဖြင့် ချောမွေ့ စွာ ကူးသန်းသွားလာနိုင်ပြီဖြစ်ပါတယ်။ သဘာ ဝဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်လာပါ ကလည်း ပြည်သူတို့အားကိုးရာ လမ်းမကြီးပေါ်ပေါက်လာပြီ ဖြစ်ပါတယ်၊ အဆိုပါလမ်းမကြီးပေါ်၌ တံတားများဆောက်လုပ်ရေးတွင် အဓိကကျတဲ့ ပတ္တမြားကုန်း ကျေးရွာနဲ့ သာဖြန်ကျေးရွာကို ဆက်သွယ်တဲ့ ပေ (၁၃၀၀)ရှိတဲ့ သကံချောင်းကူးတံတား အမြန်ဆုံး တည်ဆောက်ပေးနိုင်ပါက ဒေသခံပြည်သူများ၏ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနဲ့ ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် အမြန်ဆုံးအထောက်အကူပြုနိုင်မည်ဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် ဘိုကလေး-စက်ဆန်း -ထော်ပိုင် -အမာကားလမ်းပေါ်ရှိ သကံချောင်းကူးတံတားအား ယခု ပွင့်လင်းရာသီတွင် အမြန် ဆောက်လုပ်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုပါ၍ ကျွန်တော်အနေ နဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျာ။ အားလုံးကျေးဇူးတင်ပါတယ်။

## ရန်ကုန်-မကွေးပြည်ထောင်စုလမ်းမကြီးမှ ရန် ကုန်တိုင်းအတွင်းရှိ တိုက်ကြီး Toll Gate နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ)ကိုပေါက် က ရန်ကုန် -မကွေးပြည်ထောင်စုလမ်းမကြီးမှ ရန်ကုန်တိုင်းအတွင်းရှိ တိုက်ကြီး Toll Gate နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးထွန်းဇော်(ခ)ကိုပေါက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစား အပ်ပါသော အ မျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ပဲ ခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှ တ်တော် ကိုယ်စားလှယ် ဦးထွန်းဇော် (ခ)ကိုပေါက် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပြည်ထောင်စု လမ်းမကြီးများမှာ တစ်ပိုင်းအပါအဝင်ဖြစ်တဲ့ ရန်ကုန်-ပြည်-မကွေး ပြည်ထောင်စုလမ်းမကြီးမှာရှိတဲ့ ရန်ကုန်တိုင်းအတွင်းရှိ တိုက်ကြီး Toll Gate ကိစ္စကို တင်ပြမေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အခုလိုမေးရခြင်းဟာ နိုင်ငံတော်

အတွင်းမှာရှိတဲ့ ပြည်ထောင်စုလမ်းမကြီးများ၊ အဝေးပြေးလမ်းမကြီးများ၊ အမြဲတစေ ကောင်းမွန်ရေးကို ရှေးရှုပါတယ်။ ကျွန်တော်တို့ ရန်ကုန်-ပြည်-မကွေးပြည်ထောင်စုလမ်းမကြီး ဟာ လွန်ခဲ့တဲ့ (၇)နှစ်၊ (၈)နှစ်တာကာလအထိလောက်က အင်မတန်မှ ကောင်းမွန်ခဲ့ပါတယ်။ အဲဒီလမ်းမကြီးမှာ လမ်းပိုင်းအဖြစ်နဲ့ ကျွန်တော်တို့ ရန်ကုန် -ပြည်လမ်းဟာဆိုရင်ဖြင့် အာရှဘဏ်အကူအညီနဲ့ ဆောက်လုပ်ခဲ့တဲ့လမ်းဖြစ်တယ်။ ရန်ကုန်-ပြည်လမ်းဟာ ကျွန်တော်တို့ နိုင်ငံအတွက် စံပြလမ်း တစ်ခုဖြစ်ခဲ့ပါတယ်။ အဲဒီတော့ ဒီလမ်းက ဘယ်လောက်ကောင်းသလဲဆိုရင် ကျွန်တော်က ကျွန်တော်နေထိုင်တဲ့မြို့က ပြည်နဲ့ရန်ကုန်ကြားမှာရှိပါတယ်။ (၁၃၉)မိုင်ကွာဝေးပါတယ်။ ဟိုတုန်းကတော့ ကိုယ်ပိုင်ကားနဲ့ မောင်းချိန်၊ သာမန်မောင်းချိန် (၃)နာရီခန့်သာ ကြာပါတယ်။ ယခုအခါမှာ (၄)နာရီခွဲခန့်ကြာအောင် မောင်းနှင်နေရပါတယ်။ လမ်းများလည်း တော်တော် ပျက်စီးလို့နေပါပြီ။ ဘာကြောင့်လဲဆိုတော့ လမ်းရဲ့ ခံနိုင်ဝန်အား ကုန်တင်ကားတွေရဲ့ ကုန်တင်ဆောင်မှုကြောင့် လမ်းမခံနိုင်ဘဲ ပျက်စီးတယ် ဆိုတာလည်း အားလုံး အသိပါ။ အဲဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကျွန်တော်ကိုယ်တိုင် ကုန်တင်ယာဥ်ပိုင်ရှင်တစ်ဦးပါ။ ပြီးတော့ ကျွန်တော် မြို့နယ်မထသ၊ ခရိုင်မထသ၊ တိုင်းမထသရဲ့ တာဝန်ရှိသူ တစ်ယောက်ပါ။ အဲဒီ တော့ ကျွန်တော် ဒီလမ်းပိုင်းမှာ အဓိကအားဖြင့် ရန်ကုန်ကိုဆက်သွယ်တဲ့အခါမှာ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းရယ်၊ မကွေးတိုင်းဒေသကြီးရယ် ရခိုင်ပြည်နယ်ရယ်အဓိကအသုံးပြုတဲ့လမ်းအပိုင်းပါ။ အဲဒီတော့ ရန်ကုန်မြို့ကို အဝင်အထွက် လုပ်တဲ့အခါမှာ ကျွန်တော်တို့ ဒီလမ်းပိုင်းနဲ့ ပတ်သက်ပြီး တိုက်ကြီးမှာ Toll Gateတစ်ခုရှိပါတယ်။ အဲဒီ Toll Gate မှာ တန်ပိုကတ္တားတစ်လက် ရှိပါတယ်။ အဲဒါကိုတော့ ကျွန်တော်တို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကနေ တာဝန်ယူပါတယ်။ ခုတော့ ဒီလမ်းပိုင်းကိုတော့ ကျွန်တော်တို့ Max Myanmar ကုမ္ပဏီကနေ တာဝန်ယူပြီး ပြင်ဆင်နေပါတယ်။ လမ်းအပေါက်အပြဲတွေကိုတော့ ဖာနေပါပြီ။ ဒါပေမယ့်လည်း ပဲ ဒီလမ်းတွေ လမ်းအပေါက်အပြဲတွေကိုတော့ ဖာနေတယ်။ အာဆီယံ စံချိန်စံညွှန်းနဲ့အညီ ကားတွေ ကို သတ်မှတ်ထားတဲ့ ယခင်က သတ်မှတ်ထားတဲ့ ဘီးအရေအတွက်ကို(၆)ဘီးဆို (၁၈)တန်၊ (၁၀)ဘီးဆို (၂၅)တန်၊ (၁၂)ဘီးဆို တ န်(၃၀)စသည်ဖြင့် ဘီးအလိုက် ကုန်ချိန် သတ်မှတ်ထားပါတယ်။ အဲဒီ ကုန်ချိန်ထက်ကျော်လွန်ပြီး မတင်ရပါဆိုပြီး သက်ဆိုင်ရာကလည်း အကြောင်းကြားလာပါတယ်။ ယခုမနေ့ကညအထိကတော့ ကြားရတဲ့သတင်းကတော့ ယာဥ်မှာရှိတဲ့ တန် အတိုင်း ကုန်ချိန်ကိုလည်း သတ်မှတ်လိုက်ပါပြီ။ (၆)တန်ဆိုလည်း (၆)တန်ပဲ တင်ရမယ်။ ယာဥ်မှာ

(၈)တန်ဆိုရင်လည်း (၈)တန်ပဲ တင်ရမယ်။ အဲဒီလိုတော့ သတ်မှတ်လိုက်ပါတယ်။ ဒါပေမယ့် ဒီလိုသတ်မှတ်နေပေမယ့် ကျွန်တော်နဲ့ အနီးဆုံးဖြစ်တဲ့ ဒီရန်ကုန်လမ်းအပိုင်းမှာတော့ ကျွန်တော်ဒီ အစည်းအဝေးမလာခင် အထိတော့ ကုန်တင်ကားအချို့က Over weight နဲ့ သွားနေတာ တွေ့ရပါတယ်။ အဲ ဒီတော့ ကုန်တင်ကားအချို့က Over weight သွားနေတာ ဘာကြောင့် သွားနေလဲ။ ဒီမှာလည်းပဲ တိုက်ကြီးမှာလည်းပဲ ကုန်တင်ကတ္တား ကြီးရှိနေတယ်။ တန်ပို ကတ္တားကြီး ရှိနေတယ်။ ဒီကတ္တားမှာ ဒီကတ္တားကြီးဟာ Over weight ကားတွေကို ဘယ်လိုများ ချိန်တွယ်စစ်ဆေးပြီး ဖြတ်သန်းခွင့်ပြုနေလည်းဆိုတာ ကျွန်တော်တို့ တော်တော်စဥ်းစားရပါတယ်။ အဲဒါကြောင့်ကျွန်တော့်မှာတာဝန်ရှိတဲ့အတိုင်းကျွန်တော့်မြို့အနေအထား၊ ကျွန်တော့်ဘေးပတ်ဝန်းကျင် မြို့တွေရဲ့ အနေအထားကို ကျွန်တော် လေ့လာစုံစမ်းပါတယ်။ တ ချို့ကလည်း တယ်လီဖုန်းနဲ့ တချို့ကလည်း လူကိုယ်တိုင်လာရောက် သတင်းပို့ပြီး ကျွ န်တော့်ကို တိုင်ကြားတာတွေလည်း ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ယခုလို ဒီပုံမှန်ကတ္တားကို တကယ်ပဲ လုပ်မယ် ကိုင်မယ်ဆိုရင်တော့ ပုံမှန်အတိုင်း အမြဲတမ်းအစဥ်သဖြင့် လုပ်နိုင်အောင် ဒီမေးခွန်းကို တင်ပြရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအနေနဲ့ကတော့ ရန်ကုန် -ပြည်-မကွေး ပြည်ထောင်စု လမ်းမကြီး လမ်းပိုင်းမှာရှိတဲ့ ရန်ကုန်တိုင်းအတွင်းမှာ ရှိသော တိုက်ကြီး ကတ္တား Toll Gate ဟာ နေ့ပိုင်းအချိန်မှာတော့ သတ်မှတ်တဲ့ စည်းမျဥ်းစည်းကမ်းအတိုင်း လုပ် ကိုင်နေပါတယ်။ ညပိုင်း မှာတော့ တန်ပိုယာဥ် အချို့ကို ငွေကြေး ဖြင့်ညှိနှိုင်းပြီး ဖြတ်သန်းသွားလာခွင့်ပြုနေတာကို သိရှိ နိုင်ခြင်းရှိ/မရှိ။ သိရှိပါက မည်သို့ ဆောင်ရွက်ထားပါတယ်။ မသိရှိသေးပါက မည်သို့ ဆက်လက် ဆောင်ရွက်ထားမည်ကို သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ်။

**ရွှေလောင်း - ဝါးခယ်မ - ကျုံမငေး ကားလမ်းအား ရာသီမရွေးသွားလာနိုင်သည့် ကားလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဥ်ရှိ/မရှိနှင့် စပ်လျဥ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဌေးနိုင်က ရွှေလောင်း - ဝါးခယ်မ- ကျုံမငေး ကားလမ်းအား ရာသီမရွေး သွားလာနိုင် သည့် ကားလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဥ်ရှိ /မရှိနှင့် စပ်လျဥ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဒေါက်တာဌေးနိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေ၊ ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံကြပါစေလို့ ကျွန်တော် ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးနိုင် ဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ဒေသခံပြည်သူများရဲ့ ကိုယ်စား ရွှေလောင်း-ဝါးခယ်မ-ကျုံမငေး ကားလမ်းကို အဆင့်မြှင့်တင်ဖို့နှင့်ပတ်သက်ပြီး အစီအစဉ် များ ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား ။ ရွှေလောင်း-ဝါးခယ်မ-ကျုံမငေးကားလမ်းကို ၁၉၉၀ ခုနှစ်မှာ ပြည်သူ့လုပ်အားနဲ့ ကိုယ်ထူ ကိုယ်ထ ဖောက်လုပ်ပြီးစီးခဲ့တာဖြစ်ပါတယ်။ လမ်းမှာ အပိုင်း(၂)ပိုင်း ရှိပြီး ရွှေလောင်း-ဝါးခယ်မအပိုင်းနှင့် ဝါးခယ်မ - ကျုံမငေးအပိုင်းဆိုပြီးရှိပါတယ်။ ရွှေလောင်း-ဝါးခယ်မအပိုင်းဟာ (၁၅)မိုင် (၁)ဖာလုံ ရှည်ပါတယ်။ အဲဒီလမ်းမှာ ကတ္တရာလမ်း (၂)မိုင်၊ ကျောက်လမ်း (၃)မိုင် (၃)ဖာလုံနှင့် အမာခံ လမ်း (၉)မိုင် (၅)ဖာလုံရှိပါတယ်။ ဝါးခယ်မ-ကျုံမငေး အပိုင်းဟာ (၁၅)မိုင် (၅)ဖာလုံ ရှည်လျားပါတယ်။ အဲဒီလမ်းမှာ ကျောက်လမ်း (၈)မိုင်(၂)ဖာလုံ၊ အမာခံလမ်း (၅)မိုင်(၃)ဖာလုံတို့ ပါဝင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝါးခယ်မမြို့နယ်တစ်မြို့နယ်လုံး အဓိကအားထားအသုံးပြုနေရတဲ့ လမ်းလည်းဖြစ်ပါတယ်။ ဒီလမ်းကြီးကို ရာသီမရွေးသွားလာနိုင် အောင် အဆင့်မြှင့်တင်ပြုပြင် တည်ဆောက်ပြီးပါက ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့ကို အချိန်တို အတွင်းသွားလာနိုင်တဲ့အပြင် ဒေသထွက်ကုန်စည်တွေကိုလည်း လွယ်လင့်တကူအဆင်ပြေစွာ အချိန်မီပို့ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒေ သခံပြည်သူတွေရဲ့ လူမှုစီးပွားရေးအခြေအနေ အခွင့်အလမ်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်လို့ ဒေသခံပြည်သူတွေကလည်းပဲ ဒီလမ်းခရီးကို ပြုပြင်တည်ဆောက်ပေးဖို့ကို မျှော်လင့်တောင့်တနေကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝါးခယ်မ -ကျုံမငေး လမ်းအပိုင်းမှာ ပါဝင်တဲ့ ဘိုးဘေးအညာသူတံတား၊ ပိုက်တန်းတံတား၊ ငှက်ကြာတံတား တို့ဟာလည်း ကြံ့ခိုင်ရေး ယိုယွင်းလာပြီဖြစ်လို့ ပြုပြင်ပေးဖို့လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါ တယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ရွှေလောင်း -ဝါးခယ်မ-ကျုံမငေးလမ်းကို နှစ်စဉ် ငွေလုံး ငွေရင်း ချထုတ်ပြီး လမ်းအပိုင်းအလိုက် ပြုပြင်နေတာကိုလည်း တွေ့ရှိရပါတယ်။ သို့သော် ဒေသခံပြည်သူများရဲ့

လိုလားတောင့်တနေတဲ့အတိုင်း ဒီ လမ်းကြီးကို ရာသီမရွေးသွားလာနိုင်တဲ့ ကားလမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးမယ့် ဆက်လက်တည်ဆောက်ပေးမယ့် အစီအစဉ်များကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သာပေါင်း-ပုသိမ်ကားလမ်းအား အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုးဝင်း က သာပေါင်း -ပုသိမ်ကားလမ်းအား အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ /မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာ ပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့် ကတော့ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သာပေါင်း-ပုသိမ် ကားလမ်းအခြေအနေကို သိလိုပါ၍ မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖတ်ကြားတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ သာပေါင်းမြို့ နယ်ဟာ ငဝန်မြစ်ရဲ့ အနောက်ဖက် ကမ်းဘေးတွင် တည်ရှိတဲ့ မြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။ ယခင်က သာပေါင်းမှ ပုသိမ်သို့ ရေလမ်းကိုသာ အသုံးပြုပြီးသွားခဲ့ရပါတယ်။ ၁၉၈၅ ခုနှစ်မှာ သာပေါင်း-ပုသိမ် ကားလမ်း (၁၇)မိုင် ခရီးကို လူထုလုပ်အားနှင့် လမ်းကြမ်းအဖြစ် ဖောက်လုပ်ခဲ့ပြီး ၁၉၈၉ ခုနှစ်မှာ ပြည်သူ့ဆောက်လုပ်ရေးမှ ကျောက်ချောလမ်း အဖြစ် ဖောက်လုပ်ပေးခဲ့ပါတယ်။ ယ ခုအခါ နှစ်ကြာလာတာနှင့်အမျှ လမ်းများပျက်စီးနေ ပြီး မော်တော်ယာဉ်များ သာပေါင်းမှပုသိမ်သို့ (၃)နာရီခန့်အကြာ မောင်းနှင်ပြီးမှ ရောက်ရှိခဲ့ပါတယ်။ သာပေါင်း-ပုသိမ်ကားလမ်းကောင်းမွန်ပါက (၁)နာရီခန့်သာ ကြာမြင့်မှာဖြစ်တဲ့အတွက် ဒေသခံ ပြည်သူများရဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေးကိစ္စများ ယခင်ကထက် သိသိ သာသာ ဖွံ့ဖြိုး

တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် သာပေါင်း -ပုသိမ်ကားလမ်းအား ပြုပြင်အဆင့်မြှင့် တင်ပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ၊** ။ မေးခွန်းများနဲ့ပတ်သက်ပြီးဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၅။**

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည့်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ယခု မေးမြန်းထားသော မေးခွန်း(၆)ခုကို ဖြေကြားသွားမှာဖြစ်ပါတယ်။ပထမဦးစွာ မေးမြန်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် မဲဆန္ဒနယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဟန်လင်း ရဲ့ မေးမြန်းထားသော ငရုတ်ကောင်းတောင်-ငရုတ်ကောင်းကားလမ်း အဆင့်မြှင့်တင်ခြင်း အခြေအနေ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်မြို့နယ်ရှိ ငရုတ်ကောင်းတောင်ရွာနှင့် ငရုတ်ကောင်းမြို့နယ်ခွဲကို ဆက်သွယ်ထားသောလမ်းဖြစ်ပါတယ်။ ဒီလမ်းဟာဆိုရင် ပုသိမ်-သလပ်ခွ-မော်တင်စွန်းလမ်းမှာရှိတဲ့ မိုင်တိုင်(၅၄)မိုင်(၃)ဖာလုံ ကနေပြီးတော့ ငရုတ်ကောင်းတောင်ရွာကနေငရုတ်ကောင်းမြို့နယ်ခွဲကို (၂၀)မိုင်ခန့် ရှည်လျားပြီး ဝင်သွားတဲ့လမ်းဖြစ်ပါတယ်။ လမ်းအခြေအနေကတော့ မြေသားလမ်းဖြစ်ပြီး ပျမ်းမျှ ကတော့ (၁၄)ပေခန့် အကျယ်ရှိပါတယ်။ ဒီလမ်းနဲ့ပတ်သက်လို့ လမ်းရာဇဝင်ကို တင်ပြရရင် ၁၉၉၀ ခုနှစ်မှစပြီး ဒေသဖွံ့ဖြိုးရေးလမ်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ငပုတော မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ကနေ ပူးပေါင်း ပြီး တစ်ကြောင်းထိုးလမ်းကို စတင် ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ လမ်းအူကြောင်းအခြေအနေနဲ့ ရွာသွန်းမိုးရေချိန်ပမာဏ များပြား သောကြောင့် နှစ်စဉ် ဒေသဖွံ့ဖြိုးရေးအစီအစဉ်နဲ့ပဲ တစ်ကြောင်းထိုးလမ်းကိုပဲ

ပြန်လည်ပြီးတော့ဖောက်ခြင်း၊ ပွင့်လင်း ရာသီမှာ လမ်းအဖြစ် သွားလာနိုင်အောင်ပဲ အသုံးပြုခဲ့ ရတာဖြစ်ပါတယ်။ ၁၉၉၅-၉၆ ဘဏ္ဍာရေးနှစ်မှ ၁၉၉၇-၉၈ ဘဏ္ဍာရေးနှစ်အထိ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ရန်ပုံငွေချမှတ်ပြီးတော့ ပွင့်လင်း ရာသီတွင် တစ်ကြောင်းထိုးလမ်း များ ဖောက်လုပ် ပေးခဲ့တာ ရှိပါတယ်။ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှနေပြီးတော့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်ထိ ဒီလမ်းကို နယ်စပ်ဒေသနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှနေပြီး ပြန်လည်တာဝန်ယူပြီးတော့ ရန်ပုံငွေချမှတ်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီ ၂၀၀၉-၂၀၁၀၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် များမှာလည်း ဒေသဖွံ့ဖြိုးရေး အစီအစဉ်နဲ့ပဲ ဒီလမ်းကို တစ်ကြောင်းထိုးသွားလာနိုင်အောင်ပဲ ဆောင်ရွက်နေကြောင်းလည်း သိရှိရပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ လမ်းဟာ ဒေသဖွံ့ဖြိုးရေးအစီအစဉ်နဲ့ ဖောက်လုပ်ထားတဲ့လမ်းဖြစ်တဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီး ဌာနပိုင်လမ်းအဖြစ် သိမ်းဆည်းထားခြင်း မရှိသေးပါဘူး။ ဒါ့ကြောင့်မို့လို့လည်း ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင်လမ်းအဖြစ် ဆောင်ရွက်ထားတာမရှိတဲ့အတွက် ဒီလမ်းနဲ့ပတ်သက်လို့ ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းရမယ်ဆိုရင် သက်ဆိုင်ရာ အဆင့်ဆင့်ကနေပြီးတော့ တင်ပြ ပြီးတော့ ဆောင်ရွက်မယ်ဆိုလည်း ရနိုင်တဲ့အနေအထားရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ဒီလမ်းနဲ့ပတ်သက်လို့ရှိရင် ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့လမ်း မဖြစ်တဲ့အတွက် လောလောဆယ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် မရှိသေးကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးနံပါတ်(၂)မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ နံပါတ် (၂)မေးခွန်း ကတော့ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှိုင်ဦး ၏ အမျိုးသားလွှတ်တော်အစည်းအဝေးသို့ မေးမြန်းထားတဲ့လပွတ္တာ-မြောင်းမြ ကားလမ်း ရာသီမရွေးသွားလာနိုင်သော ကားလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်မည့် အစီအစဉ်မျှမေးထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း လပွတ္တာ -မြောင်းမြ လမ်းဟာ လပွတ္တာမြို့ မိုင်တိုင်အမှတ်(၀/၀)ကစတင်ပြီး မြောင်းမြမြို့ မြောင်းမြကြိုးတံတားထိပ် မိုင်တိုင် (၄၆/၂)ဖာလုံမှာ ဆုံးသွားပါတယ်။ စုစုပေါင်း (၄၆)မိုင်(၂)ဖာလုံ ရှည်လျားသော ခရိုင် ချင်းဆက်လမ်း ဖောက်လုပ် ထားတာဖြစ်ပါတယ်။၃၁-၅-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေကိုတင်ပြရရင် ကတ္တရာလမ်းက (၁၃)မိုင်၊ ကျောက်လမ်းက (၁၅)မိုင်(၂)ဖာလုံ၊ အမာခံလမ်းက (၁၇)မိုင်(၆)ဖာလုံ၊ ပင်လယ်လေး တံတားက (၂)ဖာလုံ စုစုပေါင်း (၄၆)မိုင်(၂)ဖာလုံ ရှိပါတယ်။ ၁၉၉၄ ခုနှစ်မှာ လပွတ္တာမြို့နယ်မှ ပင်လယ်လေးမြစ်၊ ကန့်ကော်ကုန်း ကျေးရွာအထိ (၂၁)မိုင် (၆)ဖာလုံ အရှည်အား တစ်ကြောင်းထိုး

လမ်းအဖြစ် စတင်ဖောက်ခဲ့တာ ဖြစ်ပါတယ်။ ပင်လယ်လေးမြစ်ကို ဇက် ရေယာဥ်ဖြင့် မြောင်းမြဘက်ကမ်းကိုကူးပြီးမှ ယခင် တစ်ကြောင်းထိုးလမ်းဖြင့်လည်း မြောင်းမြမြို့သို့ သွားခဲ့တာဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ် မှာ မြောင်းမြကြိုးတံတား တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး လပွတ္တာ -မြောင်းမြလမ်းအား လမ်းချဲ့ခြင်း၊ မြေသားလမ်းအား အမာခံလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းများကို နှစ်စဉ်စီမံချက်များချပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ်မှာ လပွတ္တာပင်လယ်လေးကိုလည်း တံတားတည်ဆောက် ဖွင့်လှစ်တဲ့အချိန်မှာ လပွတ္တာ-မြောင်းမြ ကားလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့လမ်းအဖြစ် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ခွဲဝေရရှိတဲ့ရန်ပုံငွေဖြစ်သော ငွေလုံးငွေရင်းကနေပြီးတော့ ဆောင်ရွက်ထားတဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာနကနေပြီးတော့ မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်တို့ကို တာဝန်ပေးပြီး လမ်းအထူးအဖွဲ့ စီမံကိန်းနှစ်ခုက ပါဝင်ပြီးလုပ်နေတဲ့အပိုင်းကတော့ မူလအမာခံလမ်းမှ ကတ္တရာလမ်းအဆင့် တိုးမြှင့်တာက (၂)မိုင်(၄)ဖာလုံ၊ ကျောက်ဖြူချောင်းတံတား (၇၀)ပေကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ခွဲဝေရရှိတဲ့ သာမန် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနဲ့ လုပ်တဲ့လုပ်ငန်းကတော့ ကတ္တရာလမ်းချိုင့်များအား ကျောက်ဖြည့်ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းဟာ (၄)မိုင်ပါမှာ ဖြစ်ပါတယ်။ ကျောက်လမ်းချိုင့်များကိုလည်း ကျောက်ဖြည့်ခင်းခြင်း၊ ဂဝံအပွန်းခံလွှာများကို ခင်းကြိတ်ခြင်းပြုတာက (၁၅)မိုင်ပါမှာ ဖြစ်ပါတယ်။ လမ်းပုခုံးများ မြေကြိတ်ညှိခြင်း၊ (၂၂)မိုင်ပါမှာဖြစ်ပါတယ်။ ၎င်းတို့ကို ယခုအချိန်မှာ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဆင့် (၁၅)မိုင် (၄)ဖာလုံအထိ ရောက်ရှိလာမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေနှစ်ရပ်လုံးမှာ တင်ပြတောင်း ခံပြီးတော့ ရန်ပုံငွေရရှိမှုပေါ် မူတည်ပြီး အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၃)ကို ရှင်းလင်းတင်ပြသွားပါမယ်။ အဲဒီမေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်အေး ရဲ့ မေးမြန်းထားသော ဘိုကလေး-စက်ဆန်း-အမာစီမံကိန်းလမ်းပေါ်မှာရှိတဲ့ သကံချောင်းကူးတံတား အခြေအနေအား ရှင်းလင်းသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်အတွင်းမှာ ရှိတဲ့ လမ်းအရှည် (၃၈) မိုင်(၅)ဖာလုံ ရှိသော ဘိုကလေး -စက်ဆန်း-အမာလမ်းအား ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ယက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအရ အမှတ် (၆)လမ်းအဖြစ် သတ်မှတ်ထားသော လမ်းဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်ကစတင်ပြီး ဖောက် လုပ်ခဲ့တာဖြစ်ပါတယ်။ တစ်ပြိုင်တည်းမှာလည်း လမ်းပေါ်မှာရှိတဲ့ ချောင်းများကို တံတားတည်ဆောက်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဘိုကလေး -စက်ဆန်း-အမာလမ်းမှာ တံတား (၁၆)စင်း တည်ဆောက်ရန် လျာထားချက်ထဲမှာ (၁၁)စင်းတည်ဆောက်ပြီးဖြစ်ပါတယ်။ တည် ဆောက်ရန် ကျန်တံတားထဲက နေပြီးတော့ (၂)စင်းကတော့ သကံချောင်းအပါအဝင် တည်ဆောက်ရန်ကျန်နေတဲ့တံတားတွေဟာ ဆက်လက်ပြီးတည်ဆောက်ဖို့ရှိပါတယ်။ အဲဒီကျန်ရှိနေတဲ့ တံတားမှာ တည်ဆောက်ဆဲက (၂)စင်း ရှိပြီးတော့ သကံတံတားအပါအဝင် (၃)စင်းကတော့ တည်ဆောက်ရန်ကျန်ပါတယ်။ အဲဒီ(၅)စင်းနဲ့ ပတ်သက်တဲ့ အခြေအနေ တင်ပြမှာဖြစ်ပါတယ်။ တည်ဆောက်ဆဲ တံတား (၂)စင်းထဲကတော့ အရှည်(၁၉၀၁)ပေရှိတဲ့ စက်ဆန်းချောင်း တံတား တည်ဆောက်နေပါတယ်။ အရှည်ပေ (၅၄၆)ပေ လိပ်ချောင်းတံတားလည်း တည်ဆောက်နေပါတယ် ။ ဒီ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရရှိရန်ပုံငွေက စက်ဆန်းချောင်းတံတားနဲ့ လိပ်ချောင်းတံတား တည်ဆောက်ခြင်းလုပ်ငန်း များကို ပြီးပြတ် အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တည်ဆောက်ရန် ကျန်ရှိ နေတဲ့ တံတား(၃)စင်းကတော့ အရှည် (၂၁၀၀)ပေရှိတဲ့ သကံချောင်းတံတား ၊ အရှည်(၁၆၀၀)ပေ ပသီချောင်းတံတားနှင့် အရှည် (၁၃၀၀)ပေ ကမာဟောက်တံတားတို့ ဖြစ်ပါတယ်။ ဒီတံတား (၃)စင်းနဲ့ပတ်သက်လို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေပါခြင်းမရှိသေးပါဘူး။ သို့သော်လည်း ဒီသကံချောင်းတံတားကို ဘိုကလေး -စက်ဆန်း-အမာလမ်းပေါ်ရှိ ပတ္တမြားကုန်း ကျေးရွာနှင့် သာဖြန်ကျေးရွာကြား မှာ မိုင်တိုင်(၈)မိုင်(၄)ဖာလုံမှာ ရှိပါတယ်။ အရှည် (၂၁၀၀)ပေ သကံချောင်းတံတားကိုတော့ အုတ်မြစ်နဲ့ အောက် ခြေကွန်ကရစ်ဖြင့် အပေါ်ထည်နှင့် သံမဏိ ကွန်ကရစ်ကိုလည်း ကြိုတင်ပြီးတော့ ဆောက်လုပ်လျ က်ရှိပါတယ်။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဘိုကလေး -စက်ဆန်း-အမာလမ်းပေါ်ရှိ အရှည် (၂၁၀၀)ပေရှိ သကံချောင်း တံတားကိုတည်ဆောက်ရန် အကြို အင်ဂျင်နီယာလုပ်ငန်းများဖြစ်တဲ့ တံတားအူကြောင်းရွေးချယ်ခြင်း၊ မြေစမ်းသပ်ခြင်း၊ ပုံထုတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နေပါပြီ။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်

ရန်ပုံငွေတင်ပြတောင်းခံပြီးတဲ့အခါမှာ တံတား တည်ဆောက်ခြင်း လုပ်ငန်းများကို ဆက် လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ မေးခွန်းနံပါတ် (၄)ကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းနံပါတ်(၄)ကတော့ ပဲခူးတိုင်းဒေသကြီး ၊ နတ်တလင်းမြို့နယ်၊ ဇီးကုန်းမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းဇော်(ခ)ကိုပေါက် ရဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းသော ရန်ကုန်-မကွေး ပြည်ထောင်စုလမ်းမကြီးကို ယခင် မြန်မာ့စီးပွားရေးဦးပိုင်မှ တာဝန်ယူပြီး ယခု မက်(စ်)ကုမ္ပဏီမှ B.O.T စနစ်ဖြင့် တာဝန်ယူထားတဲ့ အာဆီယံ စံချိန်စံညွှန်းနဲ့အညီ မော်တော်ယာဉ်များ တန်ပို မတင်ရန် ရန်ကုန်တိုင်းတိုက်ကြီးမြို့ Toll Gate ၌ ကတ္တားဖြင့် တန်ပိုစစ်ဆေးနေပါသည်။ နေ့ပိုင်းတွင် စည်းကမ်းနှင့်အညီဆောင်ရွက်ပြီး ညပိုင်းတွင် တန်ပိုကားများအား ငွေကြေးဖြင့်ညှိနှိုင်းပြီးတော့ လမ်းဖြတ်သန်းခွင့်ပြုနေခြင်းကို သိပါသလားလို့ မေးထားတဲ့ မေးခွန်းကို ဖြေကြား သွားမှာဖြစ်ပါတယ်။ ဒီလမ်းကြီးနဲ့ ပတ်သက်လို့ရှိရင် ကျွန်တော်တို့ ဖြည့်စွက် ပြီးရှင်းလင်းတင်ပြရရင် ဒီလမ်းကြီးက ယခင်က အကူအညီဖြင့် ဆောက်လုပ်ထားတဲ့ဒါ နိုင်လွန်ကတ္တရာလမ်းကြီးဖြစ်ပါတယ်။ ဒီလမ်းကြီးက လွန်စွာမှ ကောင်းသော လမ်းဖြစ်ပါတယ်။ ကတ္တရာလမ်းရဲ့ အသက်က (၁၀)နှစ်ပဲခံပါတယ်။ မြန်မာနိုင်ငံမှာ သက်တမ်းအရ ပြောမယ်ဆိုရင် ဒီလမ်းကြီးဟာ (၁၃)နှစ်မှာပျက်စီးသွားတာဖြစ်ပါတယ်။ (၁၀)နှစ်ပြည့်တဲ့အခါမှာ ဒီလမ်းကြီးကို ပြုပြင်ထိန်းသိမ်းရေးအတွက် တင်ပြခဲ့သော်လည်း နိုင်ငံတော်ရဲ့ ရန်ပုံငွေကြောင့်မို့ ကျွန်တော်တို့ မတင်ပြ မဆောင်ရွက်နိုင်တဲ့အတွက် (၁၃)နှစ်မှာ ဒီလမ်းဟာ ပျက်စီးသွားတာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော့် အနေနဲ့ တင်ပြရရင် ကတ္တရာလမ်းရဲ့ အသက်က(၁၀)နှစ်ရှိသလို ယခုကျွန်တော်တို့ ရန်ကုန်-မန္တလေး အမြန်လမ်းခင်းထားတဲ့ ကွန်ကရစ်လမ်းကြီးကို အနှစ် (၄၀)နဲ့ ကျွန်တော်တို့ ဒီဇိုင်းဆွဲပြီး ဆောင်ရွက်ထားတာဖြစ်ကြောင်း ဖြည့်စွက် တင်ပြအပ်ပါတယ်။ ဒါ ကြောင့်မို့လို့လည်း ဒီလမ်းကြီးနဲ့ပတ်သက်လို့ရှိရင် မြန်မာ့စီးပွားရေးဦးပိုင် လီမီတက်ကနေပြီးတော့ B.O.T စနစ်နဲ့ ရန်ကုန်ကနေ မကွေးအထိ ယူထားတာဖြစ်ပါတယ်။ ဦးပိုင်အနေနဲ့လည်း ဒီလမ်းကြီးနဲ့ ပတ်သက်လို့ ဆောင်ရွက်တဲ့အခါမှာ လွန်စွာမှငွေကြေးတွေ မြှုပ် နှံပြီးတော့မှ အခက်အခဲရှိခဲ့ ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဦးပိုင်လီမီတက်ရဲ့ ဥက္ကဋ္ဌ အလွှဲအပြောင်းမှာပဲ တက်ရောက်လာတဲ့ ဥက္ကဋ္ဌအသစ်ကနေပြီးတော့ ဒီလမ်းကြီးနဲ့ ပတ်သက်လို့ နိုင်ငံတော်ကို ပြန်အပ်လိုကြောင်း တင်ပြခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့

တွက်ချက်လိုက်တဲ့အခါမှာ ဒီလမ်းကြီး နဲ့ပတ်သက်လို့ ဦးပိုင်ကနေပြီး စိုက် ထုတ်ထားတဲ့ ကျပ်ငွေ (၈)ဘီလီယံ လျော်ကြေးတောင်းခဲ့ပါတယ်။ဒါနဲ့ပတ်သက်လို့ ဒီလမ်းနဲ့ပတ်သက်လို့ ဆက်လက်ပြီး နိုင်ငံတော်ရဲ့ ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းတွေမျှားပြားခြင်း၊ ဆောင်ရွက်နေတဲ့လမ်းကို ပြန်လည် အပ်တာကို ကျပ်(၈)ဘီလီယံ ပြန်လည်လျော်ဖို့အတွက် နိုင်ငံတော်မှာလည်း အစီအစဉ် မရှိပါဘူး။ ဒါ ကြောင့် ဒီလမ်းကြီးကို ဆက်လက်ထိန်းသိမ်းမယ့် လုပ်ငန်းရှင်ရှာတဲ့အခါမှာ မက်(စ်)မြန်မာ ဦး ဇော်ဇော် တို့ကို အကူအညီတောင်းခဲ့ပါတယ်။ အဲဒီအချိန်မှာ နိုင်ငံတော်ရဲ့ ဒီပြောင်းလဲခဲ့တဲ့၊ ကျင့်သုံးခဲ့တဲ့ မူဝါဒအရ B.O.T ယူထားတဲ့ လမ်းပိုင်း တာဝန်ယူထားတဲ့သူကို လမ်းတာဝန်ကို B.O.T စနစ် မကျင့်သုံးခင် လမ်းလေလံကို B.O.T ယူထားတဲ့ ကုမ္ပဏီက မယူရလို့ မူဝါဒချလိုက်တဲ့အခါမှာ ဦးပိုင်ကနေ ပြီးတော့ ဒီလမ်းနဲ့ပတ်သက်လို့ B.O.T ဆောင်ရွက်သော်လည်း လုပ်ငန်းဟာ B.O.T စနစ် မပီပြင်သေးတဲ့အတွက် လေလံမရတဲ့အတွက် အခြားပုဂ္ဂိုလ်ကနေပြီး ကျပ် (၂)ဘီလီယံနဲ့ ဒီလမ်းကြီးကို လေလံဆွဲသွားပါတယ်။ ဒါနဲ့ပတ်သက်လို့ ဦးပိုင်နဲ့ အရင်တုန်းက ပေးခဲ့တုန်းကလည်း ဒီလမ်းကြီးဟာဖြင့် သန်း (၆၀၀)နဲ့ပဲ ကျွန်တော်တို့ ပေးခဲ့တဲ့လမ်းဖြစ်ပါတယ်။ ပြင်ပပုဂ္ဂလိက ကနေ ကျပ်(၂)ဘီလီယံနဲ့ လေလံဆွဲသွားတာ ဖြစ်ပါတယ်။ အဲ ဒီတော့ ဒီလမ်းကြီးနဲ့ပတ်သက်လို့ မက် (စ်)မြန်မာ ဦးဇော်ဇော် အပိုင်းကနေ ပြန်လုပ်မယ်ဆိုရင် ဦးပိုင်ကလည်း ကျပ် (၈)ဘီလီယံ အလျော်တောင်းသလို ဒီလမ်းကြီးမှာလည်း ငွေကောက်ခံမှုမရဘဲနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ဖို့အတွက် တိုးတက်အောင် လုပ်ဖို့အတွက် အခက်အခဲဖြစ်တဲ့အတွက် လေလံအောင်ထားတဲ့ ကုမ္ပဏီနဲ့ မက် (စ်)မြန်မာ ဦး ဇော်ဇော်နဲ့ ညှိနှိုင်း ပြီးတော့ သူတို့ လေလံအောင်ပြီးတော့ နိုင် ငံတော်ကို သွင်းထားတဲ့ ကျပ်(၂)ဘီလီယံကိုလည်း မက်(စ်)မြန်မာ ဦး ဇော်ဇော် က လျော်ကြေးပေး လိုက်ရပါတယ်။ အဲဒီတော့ ဒီလမ်းကြီးဟာ မက်(စ်)မြန်မာ ဦးဇော်ဇော် က ဘာမှ မလုပ်ရသေးဘဲ ကျပ်(၁၀)ဘီလီယံ ထွက်သွားပြီး ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိတယ်ဆိုရင် စေတနာထားတဲ့ အလုပ်အနေနဲ့ သိရှိနိုင်မယ်လို့ ယူဆပါတယ်။ ဒီကုမ္ပဏီဟာ ဒီအပိုင်းနဲ့ ပတ်သက်လို့ကလည်း ခွင့်မပြုပေးနိုင်ပါဘူး။ ယာဉ်သွားယာဉ်လာများတဲ့ ရန်ကုန် -ပြည် ကိုယူပြီးတော့ ယာဉ် သွား ယာဉ်လာ အနည်းငယ်နည်းတဲ့ ပြည်နဲ့ မကွေးကို ချန် လှပ်ထားတာကို ကျွန်တော်တို့ လက်ခံလို့ မရပါဘူး။ ရန်ကုန်နဲ့ပြည် ယူရင် ပြည်နဲ့မကွေး ကိုပါယူရမယ်ဆိုတာ ကုမ္ပဏီကလည်း အနစ်နာခံ ပြီးတော့ ရန်ကုန်-ပြည်-မကွေး ထိ ယူပြီးတော့ အခု လမ်းမလုပ်ခင်မှာကျပ်(၁၀)ဘီလီယံ လျော်ကြေး

ပေးပြီးဖြစ်ကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။ အခုလည်း ဒီလွှတ်တော် ကိုယ်စားလှယ် မေးမြန်းချက်အရ ပြီးခဲ့တဲ့ စနေ၊ တနင်္ဂနွေက ဒီလမ်းကို ကျွန်တော် ကိုယ်တိုင် သွားစစ်ပါတယ်။ လမ်းပေါက်တွေဖာခြင်း၊ နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာတင်ခြင်းများလည်း စတင်ဆောင်ရွက်လျက် ရှိတာကိုလည်း ဒါ တွေ့ရှိခဲ့ပြီးဖြစ်ပါတယ်။ ယခုအချိန်မှာ အာဆီယံ စံနှုန်းနဲ့အညီ ဆောင်ရွက် လိုက်တဲ့အခါမှာ ၂၀၁၅ ခုနှစ်မှာ အာဆီယံစံနှုန်းနဲ့ ယာဉ်တွေဟာ တစ်ဖက်နိုင်ငံနဲ့ ကုန်ကူး သွားဖို့အတွက် ယခုအချိန်က စတင်ပြင်ဆင် ပါတယ်။ သို့သော်လည်း မည်ကဲ့သို့ပင် ဆောင်ရွက် ဆောင်ရွက် အာဆီယံစံနှုန်းနဲ့ ဆောင်ရွက် တာမဟုတ်ပဲနဲ့ အာဆီယံစံနှုန်းနဲ့ ဆောင်ရွက်တာနဲ့ တစ်ပြိုင်နက် စရိတ်စကတွေ၊ ကုန်ဈေးနှုန်းတွေ၊ တက် ကြမြင့်ကြတာနဲ့ တစ်ပြိုင်နက် အာဆီယံ စံနှုန်းဟာ ၂၀၀၉ ခုနှစ်ကနေ လုပ်ခဲ့သော်လည်း ယခုအချိန်ထိ တိတိကျကျလုပ်ဖို့ဆိုတာ တော်တော်လေး ခက်တဲ့အနေအထားမှာ ရှိပါတယ်။ အားလုံးညီညီညွတ် ညွတ်နဲ့ အသိတရားနဲ့ ဆောင်ရွက်မှ အောင်မြင်မယ့်ကိစ္စဖြစ်ပါတယ်။ မတင်သင့်တဲ့ ကုန်ကိုတင်ပြီးတော့ လမ်းပျက်စီးတာ့ နစ်နာတာပဲရှိပါတယ်။ ဒါနဲ့ ပတ်သက်လို့လည်း ကျွန်တော်တို့အနေနဲ့ ဒီကုန် တန်ချိန်နဲ့ ပတ်သက်လို့လည်း အားလုံးလည်း ဖြန့်ဝေပေးထားတာလည်း ရှိပါတယ်။ ယာဉ်တစ်စီးချင်း သတ်မှတ်ချက်ဟာ နိုင်ငံတကာ သတ်မှတ်ထားတဲ့အတိုင်းပဲ Axle တစ်ချောင်းပေါ်မှာ (၁၀)တန်ပဲ ရှိရပါမယ်။ ဒီနေ့ Axle တစ်ချောင်းပေါ်မှာ (၁၇)တန်အထိ တင်လာတဲ့ ယာဉ်များရှိပါတယ်။ သို့သော်လည်း အများပြည်သူမထိခိုက်ဖို့အတွက် စားသောက်ကုန်ပစ္စည်းများကိုတော့ ကျွန်တော်တို့ အနေနဲ့ တန်ပိုလာသော်လည်း မှတ်သားပြီးတော့ လွှတ်ခဲ့တာရှိပါတယ်။ သို့သော်လည်း သံတို့၊ သစ်တို့၊ ဘိလပ်မြေတို့ဆိုရင်တော့ သတ်မှတ်ကုန်ထက်များရင် ကျွန်တော်တို့ ဒါတွေကို တားမြစ်ခဲ့ တာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ယာဉ်တိုက်မှုတွေဖြစ်တဲ့အခါမှာ တွေ့တဲ့အခါကျတော့လည်း တင်လာတဲ့ ခဲတ်မြေသြဇာတင်လာတဲ့ကားဟာ ယာဉ်တိုက်မှု (၈)တန်ပိုတင်လာပါတယ်။ မေးမြန်းတဲ့ အခါကျတော့ ဒါနဲ့ပတ်သက်ပြီး (၃)ပိုင်းရှိပါတယ်။ ယာဉ်ပိုင်ရှင်အပိုင်းရယ်၊ ကားမောင်းတဲ့သူ အပိုင်းရယ်၊ ဂိတ်အပိုင်းရယ်ရှိပါတယ်။တချို့က ယာဉ်ပိုင်ရှင်က အတိအကျလိုက်နာတဲ့ ယာဉ်ပိုင်ရှင် တွေ ရှိပါတယ်။ သို့သော်လည်း ယာဉ်မောင်းတွေက ခိုးတင်တာရှိပါ တယ်။ အချို့ကလည်း ဂိတ်ကနေ ပိုတင်ပေးတာရှိပါတယ်။ ယာဉ်ပိုင်ရှင်ကလည်း အတိအကျလုပ်တယ်။ ဂိတ် ကလည်း အတိအကျလုပ်တယ်။ ယာဉ်မောင်းက ခိုးတင်တာလည်းရှိတယ်။ အဲဒီတော့ အခုချိန်ရောက်လာတော့ ယာဉ်မောင်းတွေကတော့ ဒီအထဲမှာတော့ အတိအကျလုပ်တဲ့ ယာဉ်မောင်းတွေရှိပါတယ်။

ယာဉ်ပိုင်ရှင်ကို လှမ်း ပြီးပြောပါတယ်။ ဒီ(၈)တန်ပိုတဲ့အတွက် ဂိတ်ကဖြတ် မရဘူးပြောတဲ့ အခါကျတော့ သူများနည်းတူဖြတ်လို့ရအောင်ကြိုးစာပါ။ ခုနဆုန်းကဒီဟာတော့ပြန်မချနဲ့လို့ အဲဒီလို ကြိုးစားကြတဲ့သူတွေလည်းရှိပါတယ်။ သို့သော်လည်း တချို့ဒီငွေကြေးနဲ့ ပတ်သက်လို့ ကတော့ ယူကြတယ်၊ ပြုကြတယ်ဆိုတာ တရားဝင်လည်း မရှိပါဘူး။ တရားဝင်လည်း မလုပ်ကြပါဘူး။ ဒါနဲ့ပတ်သက်လို့ ဒီဟာတွေ ကုန်သည်ပွဲစားများကလည်း သွားချင်တဲ့ဆန္ဒကိုလည်း သူတို့ရှိ ပါတယ်။ ဒါလည်း မိမိဝန်ထမ်းများကိုလည်း ဒါတွေအကုန်လုံး ပဲနိုင်အောင် ထိန်းသိမ်းထားတာ ရှိပါတယ်။ သို့သော် တချို့ကလည်း မပေးရသော်လည်း ဂိတ်နဲ့ပတ်သက်လို့ ပေးခဲ့ရတယ် လို့လည်း ယာဉ်ပိုင်ရှင်ကိုပြန်ပြောပြီးတော့ ယူကြတဲ့ဟာလည်းရှိပါတယ်။ ဒါနှစ်ဦးနှစ်ဘက်ကျေကျေ လည်လည်လုပ်မှ အဆင်ပြေမယ့်သဘောရှိပါတယ်။ တကယ်လို့ ဒီဂိတ်ကိုဘဲ ဒီကားနံပါတ်သည် ဘယ်အချိန်ကဖြတ်ပါတယ် ပိုက်ဆံပေးခဲ့ရတာမှန်ပါသလားလို့ မေးလို့ရပါတယ်။ အမှန်တချို့ ကားမောင်းသမားတွေလည်း၊ နောက်လိုက်တွေကလည်း ပိုင်ရှင်တွေကိုကျတော့ အသုံးစရိတ် တင်တဲ့အခါကျတော့ ပေးခဲ့ရတယ်ဆိုပြီး တ င်ပြီး သူတို့ရဲ့အပိုဝင်ငွေ အဖြစ် ယူတဲ့ဟာတွေလည်း တွေ့ရှိရပါတယ်။ သားသမီးယုံလျှင် စုံလုံးကန်း၊ ကျွန်ယုံ တစ်ဖက်ကန်းဆိုတဲ့ ပုံစံမျိုးလည်း တွေ့ရှိရပါတယ်။ ဒါနှစ်ဦးနှစ်ဘက် ရှင်းလိုက်မယ်ဆိုရင် ပြေလည်နိုင်မယ့်အနေအထားရှိကြောင်း တင်ပြ အပ်ပါတယ်။ ဒါကြောင့်မို့ ရန်ကုန် -ပြည်-မကွေး ပြည်ထောင်စုလမ်းမကြီးဟာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ကနေ မကွေးတိုင်းအထိ (၃၄၀)မိုင် (၂.၅)ဖာလုံ ရှိပါတယ်။ အဆိုပါလမ်းကြီးကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကနေ B.O.T စနစ်နဲ့ ဆောင်ရွက်နေတဲ့ အခါမှာ ယခုမှာ မက် (စ်)မြန်မာကနေ B.O.T စနစ်နဲ့ လွှဲပြောင်း တာဝန်ယူလျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တိုက်ကြီး Toll Gate မက်(စ်)မြန်မာကုမ္ပဏီမှ ဖြတ်သန်းခများ ကောက်လျ က်ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းတံတားလုံခြုံရေးနဲ့ စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ကနေပြီးတော့လည်း ထားရှိတယ်ဆိုတာ အားလုံး (၂)ဖွဲ့ကနေပြီး တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ လမ်းတံတားလုံခြုံ ရေးနှင့် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဟာ တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့မှ မြို့နယ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် ပူးပေါင်းပြီးတော့ တိုက်ကြီး Toll Gate ကတ္တားပေါ်မှာ ကုန်တင်ယာဥ်များဖြတ်သွားတဲ့အခါမှာ အာဆီယံစံနှုန်းနဲ့ ညီ /မညီ ကုန်များ၊ ယာဉ်များ ဖြတ်သန်းသွားလာမှုကို ကြီးကြပ်စစ်ဆေးလျက် ရှိပါတယ်။ သတ်မှတ်တန်ချိန်ထက်ပိုပြီးတင်ဆောင်မှုရှိစေရေးကိုပညာပေးဆွေးနွေးလျက်ရှိပါတယ်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် လမ်း၊ တံတားပေါ်မှာ ဖြတ်သန်းသွားလာသော ကုန်တင်ယာဉ်ကြီးများကိုလည်း ၂၀၀၉ ခုနှစ်၊ စက်တင်ဘာကနေ စပြီးတော့ အာဆီယံ စံချိန်စံညွှန်းနှင့်အညီ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုကို အလေ့အကျင့်ရှိလာအောင် ပညာပေးခြင်း၊ ယာဉ်မောင်းများနဲ့ ဆွေးနွေးခြင်းများ ကို ပြုလုပ်ခဲ့ပါတယ်။ လက်ကမ်းစာစောင်တွေဖြန့်ဝေခြင်း၊ ကုန်တင်ယာဉ် အသင်းအဖွဲ့များကိုလည်း သွားရောက်ဆွေး နွေးခြင်းများလည်း ရှင်းလင်းခဲ့ပါတယ်။ ကတ္တားရှိသော Toll Gate များတွင် လမ်းတံတားလုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ကြပ်မတ်ထိတွေ့ ပညာပေး ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလိုဆောင် ရွက်ခြင်းဟာ ၂၀၁၁ ခုနှစ် အာဆီယံနိုင်ငံများရဲ့ ကုန်စည်ပို့ဆောင်မှုစတင်ရာမှာ ကုန်တင်ယာဉ်ကြီးများ အနေဖြင့် အလေ့အကျင့်ကောင်းရှိရေးအတွက် ကြိုတင်ဆောင်ရွက်ရန်ဖြစ်ပါတယ်။ တိုက်ကြီးToll Gate မက်(စ်) မြန်မာကုမ္ပဏီက ဂိတ်ဖြတ်သန်းခ ကို သတ်မှတ်နှုန်း ထားဖြင့် ကော က်ခံလျက်ရှိပြီးတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းတံတားလုံခြုံ ရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ဦးစီးအရာရှိနဲ့ အဖွဲ့ဝင်များဟာ တန်ပိုယာ ဉ်ကြီးများ တန်ပို မတင်ဆောင်ရေး အာဆီယံ စံချိန်စံညွှန်းနှင့်အညီ ကုန်တင် ဆောင်ရေးတို့ကို နေ့အချိန်၊ ညအချိန် ဖြတ်သန်းသွားလာတဲ့ ကုန်တင်ယာဉ်ကြီးများကို အမြဲမပြတ်ထိတွေ့ပြီး ပညာပေးခြင်း၊ သတိပေးခြင်း၊ နောင်တန်ပို မတင်အောင် ဝန်ခံကတိပြုလုပ်ပြီး လက်မှတ်ရေးထိုး စေခြင်း၊ ယာ ဉ်ပိုင်ရှင်များသို့ ၎င်းတို့ ကုန်တင်ယာဉ်ကြီးများ တန်ပိုဖြတ်သန်းကြောင်း ကိုလည်း တယ်လီဖုန်းနဲ့ ဆက်သွယ်အကြောင်းကြားခြင်း ၊ သတ်မှတ်တန်ချိန်ထက် အဆများစွာ ပိုတင်ဆောင်သည့် ကုန်တင်ယာဉ်ကြီးများ တွေ့ပါက နောင်တွင် ယခုကဲ့ သို့ အတ္တလွန်ကဲစွာ ကုန်တင်ဆောင်ခြင်း မပြုရန်နှင့် ယာ ဉ်မောင်းလိုင်စင်မိတ္တူနှင့် ယာ ဉ်လိုင်စင်မိတ္တူကိုယူထားခြင်း၊ ယခုကဲ့သို့ အာဆီယံစံချိန်စံညွှန်း နှင့်အညီ ကုန်တင်ဆောင်ရေးလုပ်ငန်းများ တာဝန်ထမ်းဆောင်စဉ်ယာ ဉ်မောင်းနှင့် ယာဉ်နောက်လိုက် များထံမှနေ ငွေကြေးတစုံတရာမပေးကြကြောင်း ဝန်ခံလက်မှတ်များလည်းရေးထိုးပြီးတော့ ဆောင်ရွက်လျ က်ရှိပါတယ်။ တာဝန်ခံများအနေနဲ့ ၎င်းကိစ္စနဲ့ ပတ်သက်လို့ ပြဿနာမဖြစ်ရန်အတွက် လက်မှတ်ထိုးစာအုပ်များလည်း ဆောင်ရွက်ထားတာရှိပါတယ်။ အဆိုပါ Toll Gate မှာ ညအချိန် ကုန်တင်ယာဉ်ကြီးများအား အခကြေးငွေများနှင့် ညှိနှိုင်းပြီး ဖြတ်သန်းခွင့်ပြုနေကြောင်း တင်ပြချက် အပေါ်မှာ စုံစမ်းစစ်ဆေးရန်အတွက် နတ်တလင်းမြို့ မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီရုံးကို ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့ ည (၇း၂၀)အချိန်ကနေပြီး ည(၁၂း၀၀)နာရီ

အထိ တာဝန်ရှိသူများနဲ့ ယာဉ်ပိုင်ရှင်များဟာ သွားရောက်ပြီး ဆွေးနွေးခဲ့ပြီးဖြ စ်ပါတယ်။ အဲဒီလို စုံစမ်းစစ်ဆေးဆွေးနွေးတဲ့ခရီးမှာ တိုက်ကြီး Toll Gate တွင် တာဝန်ထမ်းဆောင်နေသော မက်(စ်)မြန်မာကုမ္ပဏီမှ ဝန်ထမ်း (၃၃)ဦးနှင့် လမ်းတံတားလုံခြုံရေး နှင့် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့မှ ဦးစီးအရာရှိအပါအဝင် ဝန်ထမ်း (၁၂)ဦးတို့ဟာ ညအချိန် တိုက်ကြီး Toll Gate မှ ရန်ကုန်သို့ တန်ပိုယာဉ်များ ဖြတ်သန်းသွားလာရာတွင် ငွေပေးရခြင်း ရှိ /မရှိ စုံစမ်း တဲ့အခါမှာ ငွေပေးငွေယူရရှိခြင်း မရှိကြောင်းနှင့် သာမန်တစ်ဦးနှင့် တစ်ဦးပြောဆိုနေကြောင်း တွေ့ရှိကြောင်းနဲ့ ယုံမှားထင်မှားအသံပဲ သိရှိရတာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီး Toll Gate အာဆီယံစံချိန်စံညွှန်းနှင့် တန်ပိုစစ်ဆေးနေသော မက် (စ်)မြန်မာကုမ္ပဏီ နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းတံတားလုံခြုံရေး နှင့် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့များသည် နေ့ရောညပါအချိန်ပြည့် စည်းကမ်းတကျနဲ့ ထမ်းဆောင်လျ က်ရှိပါကြောင်းနှင့် ညအချိန်တွင် တန်ပိုယာဉ်များ ငွေကြေးညှိနိုင်းပြီး လမ်းဖြတ်သန်းသွားလာခြင်းများမရှိအောင် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၅)ကို ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၅) ကတော့ ဧရာဝတီ တိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ် မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးနိုင် ရဲ့ အမျိုးသားလွှတ်တော်အဖွဲ့အစည်းသို့ မေးထားသော ရွှေလောင်း-ဝါးခယ်မ-ကျုံမငေး ကားလမ်းဟာ ရာသီမရွေးသွားလာနိုင်တဲ့ ကားလမ်း အဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး အစီအစဉ် ရှိ /မရှိ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေလောင်း-ဝါးခယ်မ-ကျုံမငေး လမ်းဟာ ဧရာဝတီတိုင်း ဒေသကြီး၊ မြောင်းမြခရိုင်ရှိ ရွှေလောင်းမြို့နဲ့ ဝါးခယ်မမြို့၊ ကျုံမငေးမြို့သို့ ဆက် သွယ် ဖောက်လုပ်ထားသော ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ယူ ထိန်းသိမ်းလျက်ရှိတဲ့လမ်းဖြစ် ပါတယ်။ လမ်းအရှည်ဟာ (၂၈)မိုင်၊ (၅)ဖာလုံရှိပြီး (၃၁-၅-၂၀၁၁)ရက်နေ့မှာ လမ်းအခြေအနေ ကို တင်ပြရလျှင် ကတ္တရာလမ်းကတော့ (၂)မိုင်၊ ကျောက်လမ်းက (၁၁)မိုင်နဲ့ (၅)ဖာလုံ၊ အမာခံလမ်းက (၁၅)မိုင်နဲ့ စုစုပေါင်း (၂၈)မိုင်နဲ့ (၅)ဖာလုံ ရှိပါတယ်။ ရွှေလောင်း -ဝါးခယ်မ- ကျုံမငေးလမ်းပေါ်မှာ ရွှေလောင်းတံတား(၁၉၀၀)ပေ၊ ဝါးခယ်မတံတား(၁၀၂၀)ပေ၊ လမ်းသမိုင်တံတား (၂၂၀)ပေ၊ သံကူကွ နိကရစ်တံတား(၃)စင်းနဲ့ ကျုံစိန်တံတား၊ ဘိုကလေးတံတား၊ ပိုက်တန်းတံတား၊ ငှက်ကျတံတား စတဲ့ ပေ (၁၀၀)အထက် သစ်သားတံတား(၄)စင်း တည်ဆောက်ပြီး ဖြစ်ပါတယ်။

အမာခံလမ်းကနေ ကျောက်လမ်း အဆင့် တည်ဆောက်နိုင်ဖို့အတွက်လည်း ဆောင်ရွက်ပြီးတော့ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းလည်းဖြစ်အောင် လု ပ်ထားတာဖြစ်ပါတယ်။ မိုး များသော ဒေသဖြစ်၍လည်း အောက်ခံ ဘောင်တန်းမြေသားများ နိမ့်ကျခြင်းနှင့် နှစ်စဥ် မိုးတွင်းကာလမှာ လမ်းတံတား နိမ့်ကျပျက်စီးခြင်းမျိုးကတော့ ဖြစ်လေ့ဖြစ်ထရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မူလကျော က်လမ်းဟာ (၁၂)ပေအကျယ် ကတ္တရာလမ်းအဆင့် တိုးမြှင့် ဆောင်ရွက်ခြင်းလုပ်ငန်း (၂)ဖာလုံပါရှိပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ခွဲဝေ ရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေထဲကနေ အောက်ပါလုပ်ငန်းများလည်း ဆောင် ရွက် လျက်ရှိပါတယ်။ ကျောက်လမ်းအား ကျောက်ရောမြေ ကျောက်စရစ် ဖြန့်ခင်းခြင်း (၁၃)မိုင် ပါပါတယ်။ တံတားအတက်အဆင်းမှာ ကျောက်ခင်းကျောက်ဖြည့်ခြင်းက (၁၀)စင်းပါပါတယ်။ သစ်သားတံတားများအား ဆွေးမြေ့နေသည့် ကြမ်းခင်း၊ ဘီးလမ်းများ၊ ယက်မများ၊ လက်ရန်းများ ပြင်ဆင်ခြင်းက (၄)စင်းပါပါတယ်။ အရှည် (၁၉၀၀)ပေရှိတဲ့ ရွှေလောင်းတံတားနဲ့ အရှည်ပေ (၃၀၂၀)ပေရှိတဲ့ ဝါး ခယ်မတံတားဟာ ဆေး သုတ်ခြင်း (၂)စင်းပါပါတယ်။ အရှည်ပေ (၂၂၀)ပေ ရှိတဲ့ လမ်းသမိုင်တံတား သံမဏိကြိုးဆွဲခြင်းက (၁)စင်း ပါပါတယ်။ ဧရာဝတီတိုင်းဒေသကြီးတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသလမ်းကွန်ယက်စီမံကိန်းများကို နှစ်စဥ်ရန်ပုံငွေများတင်ပြတောင်းခံပြီး အဆင့်မြှ င့်တင် ဆောင်ရွ က်လျက်ရှိပါတယ်။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေလောင်း-ဝါးခယ်မ-ကျုံမငေး ကားလမ်းဟာ ဒေသအတွင်း အဓိကဆက်သွယ်ရေးလမ်း ဖြစ်တဲ့အတွက် နှစ်စဥ် လမ်းတံတား ငွေလုံးငွေရင်းရန်ပုံငွေများ၊ သာမန်ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေများ တောင်း ခံပြီး ရရှိသည့်ရန်ပုံငွေအပေါ် မှာမူတည်၍ အဆင့်မြှင့် တင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းနံပါတ် (၆)ကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၎င်းမေးခွန်း ကတော့ ဧရာဝတီတိုင်းဒေသကြီး ကျောင်း ကုန်းမြို့နယ် မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးသို့ မေးမြန်း ထားတဲ့ သာပေါင်း -ပုသိမ် ကားလမ်းအား အဆင့်တိုးမြှင့်ရေး အစီအစဥ် ရှိ /မရှိ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သာပေါင်း -ပုသိမ် ကားလမ်းဟာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ရွှေမြင် တင် ဇက်ဆိပ်ထိ (၁၀)မိုင်နဲ့ (၃)ဖာလုံ ရှိပြီး ရွှေမြင် တင် ဇက်ဆိပ်မှ သာပေါင်းမြို့အထိ (၁၆)မိုင် (၅)ဖာလုံ ရှိတဲ့အတွက် လမ်းအရှည်

စုစုပေါင်းဟာ (၂၇)မိုင်ရှည်လျားပါတယ်။ ၃၁-၅-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေကတော့ ကတ္တရာလမ်းက(၄)မိုင်နဲ့(၂)ဖာလုံ၊ ကျောက်လမ်းက(၁၅)မိုင်၊ အမာခံလမ်းဟာ (၇)မိုင် (၆)ဖာလုံ စုစုပေါင်း(၂၇)မိုင်ရှိပါတယ်။ ယခင် ခေတ်အဆက်ဆက်က ပုသိမ်မြို့မှ သာပေါင်းသို့ သွားတဲ့ အခါမှာ ရေလမ်း ခရီးသာ အသုံးပြုရတဲ့အတွက် အချိန် ကြာမြင့်စွာသွားခဲ့ရပါတယ်။ ယခုအခါမှာ ဆိုရင် ပုသိမ်မြို့ကနေ သာ ပေါင်းမြို့ကို ကားဖြင့် မိုးရာသီမှာ (၂)နာရီအတွင်း အရောက်သွားနိုင် ပါတယ်။ သာပေါင်းကနေ ပုသိမ်လမ်းတ စ်လျှောက် သစ်သားတံတားအဟောင်း (၁၆)စင်းကို ကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ခဲ့ပြီးပေအရှည်(၂၁၄၀)ပေရှိတဲ့ ပုသိမ် တံတားနှင့် ပေအရှည် (၃၆၀)ပေရှိတဲ့ ကျောက်ချောင်းကြီးတံတားများ ကိုလည်း အခိုင်အမာ တံတားများအဖြစ် နိုင်ငံ တော်မှ တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးပြီ ဖြစ်ပါတယ်။ ထို့အပြင် အဆိုပါ လမ်းပေါ်ရှိသစ်သားတံတား(၇)စင်းကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်လျက် ရှိပြီး လမ်းပန်းဆက်သွယ်ရေးမပြတ်တောက်စေရန် ရာသီမရွေး သွားလာနိုင်ရန်အတွက် ပြင်ဆင် ထိန်းသိမ်းရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မှာခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေ က အောက်ပါလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ခွဲကျောက်၊ ချောင်း ကျောက်၊ ကျောက် စရစ်တို့နဲ့ ခင်းကြို တ်ခြင်းက (၁၈)မိုင်၊ လမ်းတာဘောင်ချဲ့ခြင်း (၁)ဖာလုံ၊ တံတားအမှတ် (၁၁/၂)နဲ့ (၂၂/၂)ဖြစ်တဲ့ လက်ခုတ် တံတားချဉ်းကပ်လမ်းပြင်ဆင်ခြင်းကတစ်စင်း၊ အရှည်ပေ (၂၁၄၀)ပေရှိတဲ့ ပုသိမ်တံတား သံမဏိ သံဘောင်ကြိုးတင်ခြင်း ပြင်ဆင်ခြင်းကတစ်စင်း၊ ဘေလီတံတား ပြင်ဆင်ခြင်းက(၂)စင်းတို့ပါဝင် ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာပေါင်း -ပုသိမ်ကားလမ်းပေါ်ရှိ လမ်းနှင့် တံတားအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား ငွေလုံးငွေရင်း ရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်း ရန်ပုံငွေများ တင်ပြတောင်းခံပြီး ခွင့်ပြုရရှိရန်ပုံငွေပေါ်မူတည်၍ လမ်းအဆင့်မြှင့်တင်ခြင်းကို တစ်နှစ်ထက်တစ်နှစ်တိုးတက်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁:၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေးကို ခေတ္တရပ်နားပြီး ၁၂နာရီ ၄၅ မိနစ်အချိန်မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၉ နာရီတွင် ခေတ္တရပ်နားပြီး ၁၂း၄၅ နာရီတွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂း၄၅။**

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား**အ**စည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည် . စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်က ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၂း၄၅။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေ ကြမ်းကော်မတီ အဖွဲ့ဝင် ဦးဇော်မြင့်ဖေ က ပြန်လည် ဖတ်ကြားရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၄၅။**

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေမူကြမ်းနဲ့ စ ပ်လျဉ်းပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို ကျွန်တော် ဦးဇော်မြင့်ဖေ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဖတ်ကြားတင်ပြရှင်းလင်းသွားမှာဖြစ်ပါတယ်။ နိဒါန်း ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ကိုယ်ပိုင် ကျောင်း မှတ်ပုံတင်ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်များကို စက်တင်ဘာလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်

သော ပထမအကြိမ် အမျိုးသားလွှ တ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒသ မပြောက်နေ့တွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအစည်းအဝေးနေ့ ရက်တွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက အကြံပြုဆွေးနွေး ခဲ့ကြရာ ယင်းအကြံပြုဆွေးနွေးချက်များကို လွှတ်တော် ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ထပ်မံကြားနာလေ့လာစိစစ်၍ အစီရင်ခံစာတင်ပြအပ်ပါသည်။

လေ့လာတွေ့ရှိချက်များ။ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များကို လေ့လာစိစစ်ခဲ့ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်။ (က) ဦးဖုန်းမြင့်အောင် ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)၏ ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ မူလတန်း သီးသန့်ကိုယ်ပိုင်ကျောင်း ဖွင့်လှစ် ခွင့်ပြုရေးနှင့် မူလတန်း အလယ်တန်း၊ အထက်တန်း(၃)ပိုင်းခွဲပြီးတော့ တစ်ပိုင်းစီဖွင့်လှစ် ခွင့်ပြုရန် ကလေးငယ်များအတွက် ထပ်ဆောင်း ဝန်ဆောင်မှုပေးရေးစတဲ့ကိစ္စများကို ဦးဖုန်းမြင့်အောင် က အကြံပြုခဲ့ပါတယ်။ ဒီကိစ္စတွေဟာ လက်ရှိဥပဒေမူကြမ်းနဲ့ အကျုံးဝင်သက်ဆိုင်ခြင်းမရှိဘဲနဲ့ ပညာရေးဝန်ကြီးဌာနက သီးခြားစဉ်းစားရမယ့်မူဝါဒတွေနဲ့ ဆက်စပ်နေ တဲ့ကိစ္စဖြစ်ကြောင်း ညှိနှိုင်းဆွေးနွေးလို့ ရရှိခဲ့ပါတယ်။ ဒုတိယအချက်အနေနဲ့ ပုဒ်မ ၇(ဃ)မှာ ကျောင်း စုဝေးပွဲနှင့် အားကစား ပြုလုပ်ရန်နေရာများ သင့်တင့်လုံလောက်စွာရှိစေရန် သတ်မှတ်ခဲ့ပါတယ်။ ဒီသတ်မှတ်ချက်အတိုင်းဆိုရင် ကျောင်းဖွ င့်လှစ်တဲ့သူတွေမှာ ရင်းနှီးကုန်ကျမှုကြီးမားနိုင်ပါ တယ်။ အထူးသဖြင့် ရန်ကုန်မြို့တော် ကဲ့သို့ မြို့ကြီးများ၌ နေရာရရှိရန် ခက်ခဲပါတယ်။ ပြီးတော့လည်း ကျောင်းတွေကို ဒီလိုအကုန်ကျခံပြီး ဖွင့်လှစ်ခဲ့မယ်ဆိုရင် ဝင်ငွေအသင့်အတင့်ရှိတဲ့ လူလတ်တန်းစား အတွက်လည်းပဲ အခက်အခဲဖြစ်နိုင်ပါတယ်။ အဲဒီနေရာမှာ နေရာအခက်အခဲကို ပြေလည်စေချင် ရင်တော့ အစိုးရကျောင်းတွေကို ငှားရမ်းပေးနိုင်ရင်ပိုမိုအဆင်ပြေနိုင်ကြောင်း ဦးဖုန်းမြင့်အောင်က စေတနာနဲ့ အကြံပြုတင်ပြခဲ့ပါတယ်။ သို့သော်လည်းပဲ ဥပဒေမူကြမ်းမှာ ကျောင်း စုဝေးပွဲနဲ့ အားကစားပြုလုပ်ရန် နေရာသတ်မှတ်တဲ့နေရာမှာ တည်နေရာနဲ့ အကျယ်အဝန်းကို မည်၍မည်မျှ ရှိရမယ်လို့ ကန့်သတ် ဖော်ပြခြင်းမရှိတဲ့အတွက် ကျောင်း အဆောက်အအုံ အတွင်းမှာပဲဖြစ်ဖြစ် အဆောက်အအုံ ပြင်ပနေရာမှာပဲဖြစ်ဖြစ် သင့်မြတ်သလို သတ်မှတ်ထားနိုင်မယ်ဆိုတဲ့ အခြေအနေ ရှိပါတယ်။ ဒီလိုနေရာ ကျောင်း Assembly Hall နဲ့ အားကစားပြုလုပ်ရန် နေရာ သတ်မှတ်ချက်ဟာ ကျွန်တော်တို့ ထည့်လိုက်ရတဲ့ သဘောဟာ စာ သင်ကျောင်းအင်္ဂါရပ်နဲ့ ညီညွတ်စေရန်လည်းကောင်း၊ ကျောင်းသားများအနေဖြင့် ကိုယ်လက် ကြံ့ခိုင်မှု လုပ်နိုင်စေရန်

လည်းကောင်း သတ်မှတ်ခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ဦးဖုန်းမြင့်အောင် ပြောတဲ့ အစိုးရ စာသင်ကျောင်းတွေကို ပုဂ္ဂလိကတွေကို ငှားပေးနိုင်လို့ရှိရင် ငှားဖို့ ၊ ရောင်းပေးနိုင်မယ် ဆိုရင်လည်း ရောင်းဖို့ဆိုတဲ့အချက်ဟာ ဒီဥပဒေနဲ့ သက်ဆိုင်တဲ့လုပ်ငန်း ကိစ္စမဟုတ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ နောက်တစ်ယောက်ကတော့ ဦးခင်မောင်ရီ ဧရာဝတီတိုင်း မဲဆန္ဒန ယ် အမှတ်(၆)ရဲ့ အကြံ ပြုတင်ပြချက်များဖြစ်ပါတယ်။ ဒီ အကြံပြုတင်ပြချက်တွေထဲမှာ အဓိက အချက်တွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

ကိုယ်ပိုင်ကျောင်းနဲ့ ကိုယ်ပိုင်ကျောင်းဆရာများ ကိစ္စသည် ဒီပြည်ထောင်စုအစိုးရအဖွဲ့ ပညာရေးဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်ဖြစ်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုရေးဝန်ကြီး ဌာနကို တာဝန်မပေးအပ်သင့်ကြောင်း၊ ယင်းအစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ အဖွဲ့ဟု အစားထိုးသင့်ကြောင်း၊ ဒုတိယတစ်ချက်ကတော့ ပညာရေးအရာရှိ များအား လုပ်ပိုင်ခွင့် အပြည့်အဝပေးထားရာ ပညာရေးအရာရှိများက မှန်မှန်ကန်ကန် သမာသမတ်ကျကျ တာဝန်ယူရန် လိုကြောင်း ယုံကြည်အားကိုးထိုက်စွာ တာဝန်ထမ်းဆောင်ရန် အရေးကြီးကြောင်း၊ (၃)အချက် ကတော့ ကျောင်းပတ်ဝန်းကျင်၊ ကျောင်းခန်း၊ ကျောင်းစာသင်ခန်းများ ကျန်းမာရေးနှင့် ညီညွတ်၍ သန့်ရှင်းစင်ကြယ်မှုရှိရန် အရေးကြီးကြောင်း (၄)အချက်ကတော့ တားမြစ်ချက်တွေကို ဖောက်ဖျက် လို့ရှိရင် ပညာရေးအရာရှိက တရားစွဲဆိုရမည်ဟု တာဝန်ယူဆောင်ရွက်ရန် ထည့်သွင်း သင့်ပါ ကြောင်းဆိုပြီးတော့ အချက် (၄)ချက် တင်ပြသွားတာ ရှိပါတယ်။ ဦးခင်မောင်ရီ ရဲ့ အကြံပြု တင်ပြချက်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုရေးဝန်ကြီးဌာန အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဟု အစားထိုးသင့်ကြောင်းဆိုသည့် အချက်မှာ ဤကော်မတီနှင့် ပညာရေးဝန်ကြီးဌာနတို့က ညှိနှိုင်းပြင်ဆင်ပြီးသော အချက်ဖြစ်ပါတယ်။ တရားစွဲ ဆိုသူအဖြစ် ပညာရေး အရာရှိကို တာဝန်ပေးအပ်ရန် အကြံပြုချက်ကို အောက်ပါအတိုင်း အထွေထွေအခန်း ပုဒ်မ ၃၇ ၌ ဤဥပဒေအရ တရားစွဲဆိုရာတွင် ပညာရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ရယူပြီး သက်ဆိုင်ရာပညာရေးအရာရှိက ပညာရေးဝန်ကြီးဌာနကိုယ်စား တရားစွဲ ဆိုရမည်ဟု ဖြည့်စွက်သင့်ကြောင်း ဤကော်မတီမှ သုံးသပ် ရရှိပါတယ်။ ကျန် ဦးခင်မောင်ရီ ရဲ့ အကြံပြုချက်တွေကတော့ ဤဥပဒေ မှာ ထပ်မံထည့်သွင်းရန် လိုအပ်မည် မဟုတ်ပါကြောင်း သုံးသပ်ရရှိပါသည်။ ဦးစိုင်းကျော်ဇောသန်း ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)၏ ကို ယ်ပိုင် ကျောင်းများ၌ တိုင်းရင်း သားဘာသာ သင်ကြားရေး အကြံပြုချက်မှာ တိုင်းရင်း သားဘာသာ

များသည် ဤဥပဒေကြမ်း၌ ထပ်ဆောင်းဘာသာရပ် စကားရပ်အား အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း၌ အကျုံးဝင်ပြီးဖြစ်ကြောင်း တွေ့ရပါသည်။ အဲဒါကြောင့်မို့လို့ ထပ်ဆောင်းဘာသာရပ် စကားရပ်ထဲမှာ ပါနေပြီဖြစ်တဲ့အတွက် ကိုယ်ပိုင်ကျောင်းအလိုက် နယ်မြေဒေသအလိုက် စဉ်းစားဆောင်ရွက်သွားရမယ့်ကိစ္စဖြစ်ကြောင်း သုံးသပ် ရရှိပါသည်။ ဒေါက်တာမြင့်ကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က ကိုယ်ပိုင်ကျောင်းမှ အစိုးရ စာသင်ကျောင်းများသို့လည်းကောင်း၊ အစိုးရစာသင်ကျောင်းများမှ ကိုယ်ပိုင်ကျောင်းများသို့လည်းကောင်း ပြောင်းရွှေ့ပညာသင်ကြားရန် စနစ်တကျ စီမံထားသင့်ကြောင်း ဒေါက်တာမြင့်ကြည် က အကြံပြုခဲ့ပါတယ်။ ဥပဒေမူကြမ်းပုဒ်မ ၁၅ (ဠ)တွင် ကျောင်းသား တစ်ဦးချင်းအလိုက် ပညာအရည်အချင်း မှတ်တမ်းချုပ်တစ်ခုစီနှင့် ကျောင်းဝင်၊ ကျောင်းထွက်၊ ကျောင်းပြောင်းစာရင်းများကို သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ ထားရှိရမည်ဟု ပြဋ္ဌာန်း ထားပြီး ဖြစ်ပါသည်။ လိုအပ်မည်ဆိုပါက နည်းလမ်းအသေးစိတ်ကို နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများ၌ ထည့်သွင်းရေးဆွဲနိုင်ကြောင်း သုံးသပ် ရရှိပါသည်။ ကော် မတီ၏သဘောထားမှတ်ချက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံ စိစစ်လေ့လာ တွေ့ရှိချက်များနှင့်အညီ ဥပဒေမူကြမ်းကို အထွေထွေအခ န်းမှအပ အခြားပြင်ဆင် ဖြည့်စွက်ရန် မရှိပါ။ အထွေထွေ အခန်းပုဒ်မ ၃၇ ၌ မူလရေးသားထားသည့် ဤဥပဒေအရ တရားစွဲဆိုရာတွင် ပညာရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်ဆိုသည့်အစား ဤဥပဒေအရ တရားစွဲဆိုရာတွင် ပညာရေး ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ရယူပြီး သက်ဆိုင်ရာပညာရေး အရာရှိက ပညာရေးဝန်ကြီးဌာန ကိုယ်စား တရားစွဲဆိုရမည်ဟု ဖြည့်စွက်၍ ဤဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။ အား လုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ သဘောထားရယူခြင်း

**အချိန်၊ ၁၂း၅၀။**

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၅၀။**

**ဒေါက်တာမြအေး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပညာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဖြစ်ပါတယ်။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းအားအတည်ပြုနိုင်ရန်အတွက်အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန်ဖြစ်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်ပြောပါ။

သဘောမတူလျှင် မတူဘူးပြောပါ။

အဆိုကို သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကိုသဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

အဆိုကို သဘောမတူသူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။ (သြဘာသံများ)

## ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းအားတစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ အသေးစိတ် တင်ပြဆွေးနွေးသွားပြီးဖြစ်တဲ့အတွက် အပိုဒ်တစ်ခုချင်းစီ ဆောင်ရွက်ရန် မလိုတော့ပါ။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ်(၁)မှ (၄၀)တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်ပြောပါ။

သဘောမတူလျှင် မတူဘူးပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။ (သြဘာသံများ)

## ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၂း၅၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပညာရေးဝန်ကြီး ဌာန၊ ပြည်ထောင်စု ဝန်ကြီးက ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းအား အတည်ပြုရန်နှင့် အဆိုတင်သွင်းခြင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က)အရ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က အတည်ပြုပေးဖို့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရန်ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၅၃။**

**ဒေါက်တာမြအေး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းအားအတည်ပြုနိုင်ရန်အတွက် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။

**ဒေါက်တာလှသိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းကို ဤလွှတ်တော်မှာ အတည်ပြုပေးပါရန် အဆိုတင်သွင်းသွားပါတယ်။ ဒီအဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ကျွန်တော် ဒေါက်တာလှသိန်း က ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၂း၅၄။**

**ဥက္ကဋ္ဌ။** ။ ယခုအဆိုမှာ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းအား အတည်ပြုရန်ဖြစ်ပြီး ဒီအဆိုကို လွှတ်တော်ရဲ့သဘောထားရယူပါ့မယ်။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းအား အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်က ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးခက်ထိန်နန် က ဖတ်ကြား ရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၀။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ ကချင် ပြည်နယ် မဲဆန္ဒ နယ်အမှတ်(၁)မှ အမျိုးသား လွှတ်တတ် ကိုယ်စားလှယ်

ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ် တော် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်က ဥပဒေကြမ်း ကော်မတီရဲ့ကိုယ်စား အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာ ။ နိဒါန်း။ (၁)ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးဉာဏ်လင်း တင်သွင်းသည့် အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အမျိုးသား လွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်က ဥပဒေ ကြမ်းကော်မတီသို့ ပေးပို့လာပါတယ် ။ အဆိုပါ ဥပဒေမူကြမ်းကို ဥပဒေကြမ်းကော်မတီက ၃၁-၈-၂၀၁၁ ရက်နေ့တွင် ၁-၉-၂၀၁၁ ရက်နေ့တို့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးများ၌ အသေးစိတ်စိစစ်လေ့လာခဲ့ ကြပါသည်။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေတွင် အခန်း (၁၁)ခန်းနှင့် ပုဒ်မပေါင်း (၆၁)ခုပါဝင်ပါသည်။ စိစစ်တွေ့ရှိချက်များနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အထက်ပါဥပဒေ မူကြမ်းကို လေ့လာစိစစ်ရာ၌ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂ တွင် လွှတ်တော်ကိုယ်စားလှယ်၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများကို ပုဒ်မခွဲ (က)မှ (င)အထိ ပြဋ္ဌာန်းထားရှိပါသည်။ ပြင်ဆင်ရန် တင်သွင်းလာသည့် ဥပဒေမူကြမ်းတွင် ပုဒ်မ ၁၂ ၌ ပုဒ်မခွဲ (စ) အဖြစ် ဖြည့်စွက်ရန်အဆိုပြုလာသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ် တော်တံခါးပိတ် အစည်းအဝေးနှင့် ကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးသည့် အကြောင်းကိစ္စများ၊ နိုင်ငံတော်၏ လျှို့ဝှက်ချက်များ၊ လွှတ်တော်မှတ်တမ်းမှ ပယ်ဖျက်ထုတ်ပယ်ထားသော အကြောင်းကိစ္စရပ်များမှအပ လွှတ်တော်တွင် သော်လည်းကောင်း၊ လွှတ်တော်အဖွဲ့အစည်းများတွင်သော်လည်းကောင်းဆွေးနွေးဆောင်ရွက်ချက် များကို မိမိအားတင်မြှောက်လိုက်သော မဲဆန္ဒနယ် ရှိ ပြည်သူများအား ပြန်လည်အစီရင်ခံခွင့် ရှိခြင်းဆိုသောအချက်မှာ မူလပြဋ္ဌာန်း ဥပဒေပုဒ်မ ၁၂ တွင် ပါရှိခြင်းမရှိသည်ကို တွေ့ရှိရ ပါသည်။ အဆိုပါ အစားထိုးဖြည့်စွက်လိုသောအချက်ကို ၁၉၇၄ ခုနှစ် ပြည်သူ့ လွှတ်တော် ဆိုင်ရာနည်းဥပဒေ အခန်း (၁၂)ပုဒ်မ ၈၇ ပုဒ်မခွဲ(ခ)တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိ ရပါသည်။ သို့ဖြစ်ပါ၍ ပုဒ်မ ၁၂ တွင် ပုဒ်မခွဲ (စ)အဖြစ် ပြင်ဆင်ဖြည့်စွက်လျှင် လွှတ်တော်ကိုယ်စားလှယ်များ

အနေဖြင့် တားမြစ်ချက်များမှအပ လွှတ်တော်တွင် သော်လည်းကောင်း၊ လွှတ်တော်အဖွဲ့အစည်းများတွင်သော်လည်းကောင်း ၊ဆွေးနွေးဆောင်ရွက်ချက်များကို မိမိတို့အား တင်မြှော က်လိုက်သောမဲဆန္ဒနယ်ရှိပြည်သူများအား ဥပဒေနှင့်အညီ အစီရင်ခံခွင့်ရရှိမည်ဖြစ်၍ ပြင်ဆင်ရန် အဆိုပြုထားသောအချက်မှာ လျော် ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါသည်။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၇ တွင် မူလပြဋ္ဌာန်းချက်၌ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားရှိပြီး အစားထိုးဖြည့်စွက်ရန် အဆိုပြုချက် တွင် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့မှအပ ပြည်ထောင်စု အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရ ပါက ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ၊ ဘဏ္ဍာရေးကော်မရှင် ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုသော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှ တ်တော်နှင့် အမျိုးသားလွှတ်တော် တို့က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့ကို လည်းကောင်း ဆိုသည်ဟု ပြဋ္ဌာန်း ထားကြောင်း တွေ့ရှိရပါသည်။

အဆိုပါ ပုဒ်မ ၂ ပုဒ်မခွဲ(ဇ) ပြဋ္ဌာန်းချက်အရ ပုဒ်မ ၁၇ ၏ မူလပြဋ္ဌာန်း ချက်မှာ လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအား လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့တွင် တာဝန်ပေးအပ်၍ မရသကဲ့သို့ဖြစ်နေပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၅၄ တွင် လွှတ်တော်အခွင့်အရေးကော်မတီကို (၁၅)ဦးထက်မပိုသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။ ယင်း သို့ ဖွဲ့စည်းရာတွင် လွှတ်တော် ဒုတိယဥက္ကဋ္ဌသည်

ရာထူးအလျောက် ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဟူသော ပြဋ္ဌာန်းချက်နှင့် ကွဲလွဲမှု ရှိနိုင်ပါသည်။

ပုဒ်မ ၁၇ အား ပြင်ဆင်အစားထိုးရန် အဆိုပြုထားသည့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယ ဥက္ကဋ္ဌသည် ပြည်ထော င်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့် ကော်မတီ ၊ ကော်မရှင်နှင့်အဖွဲ့တို့မှအပ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခံရပါကဟု ခြွ င်းချက်ပြုထားသည့်အတွက် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့သည် တာဝန်ပေးအပ်လိုပါက တာ ဝန်ပေးအပ် နိုင်သည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်တွင် လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါသည်။

(ဂ) အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၆ ပြဋ္ဌာန်းချက်တွင် ရည်ရွယ်သော ပုဂ္ဂိုလ်မှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များဖြစ်ပါသည်။ အဆိုပါပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့တို့တွင် အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြား ခံရပါက တားမြစ်ချက်များမှအပ လွတ်လပ်စွာပြောဆိုခွင့်၊ ဖြေကြားခွင့် ရှိပြီး ဆန္ဒမဲပေးခွင့်မရှိပါ။

သို့ပါ၍ မူလပြဋ္ဌာန်းချက်ပါ "လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည် " ဆိုသည့် စကားရပ်အစား "လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည် " ဟုလည်းကောင်း "တင်ပြ ဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်း " ဆိုသည့်စကားရပ်အစား "တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်း " ဟုလည်းကောင်း "လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား" ဆိုသည့် စကားရပ်အစား ရည်ရွယ်ရင်းပုဂ္ဂိုလ်ဖြစ်သည့် "ယင်းအဖွဲ့အစည်း ဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား" ဟု အစားထိုးပြင်ဆင်လာသည်ကို တွေ့ရှိရသည့်အတွက် ပြင်ဆင်ရန် အဆိုပြုထားသော အဆိုပြုချက် မှာ လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်။ (၃) ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဉာဏ်လင်း တင်သွင်းသည့် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (စ)၊ ဖြည့်စွက်ချက် ပုဒ်မ ၁၇ ကို ပြင်ဆင်ရန် အဆိုပြုချက်၊ ပုဒ်မ ၄၆ ကို ပြင်ဆင်ဖြည့်စွက်အစားထိုး ရန် တင်ပြချက်များသည် လွှတ်တော်၏ လုပ်ငန်းရပ်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေ ချောမွေ့စေရန်အတွက် ပြင်ဆင်ချက်များ ဖြစ်ပါကြောင်းနှင့်

ပြင်ဆင်သည့်ဥပဒေနှင့် လျော်ညီစေ ရန်အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ကိုပါ ပြင်ဆင်သင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက နည်းနည်းလေး ပြန်ကြည့်မယ်။ အခန်း (၇)၊ ပုဒ်မ ၄၆ လွှတ်တော်အစည်းအဝေးသို့ တ က်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဆိုတာကို လက်ရှိအတိုင်းပြန်ရေးလို့ရှိရင် လွှတ်တော်ရဲ့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တွေပါ ရောထွေးနေတဲ့ အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့်လွှတ်တော်နှင့် သက်ဆိုင်ခြင်းမရှိသော ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ကို ကိုယ်စားပြုသည်ဆိုရင် ရှင်းရှင်း လင်းလင်း ဖြစ်သွားမယ် ထင်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ သဘောထားကို တင်ပြပါ။ လွှတ်တော်ပြင်ပမှ ထည့်ရင် လည်းရပါတယ်။ လွှတ်တော်နှင့် သက်ဆိုင်ခြင်းမရှိသော ဆိုတာနဲ့စာရင် လွှတ်တော်ပြင်ပမှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ကို ကိုယ်စားပြုသော ဆိုဟာကို ပိုပြီးတော့ ဆီလျော်လဲ။ လွှတ်တော်ပြင်ပမှလို့ ထည့်မယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြင်ပမှဆိုတာ ပိုပြီးတော့ လျော်ကန်သင့်မြတ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြင်ပမှနော်။

## အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ သဘောထားရယူခြင်း

**အချိန်၊ ၁၃း၁၁။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးတင်ယု က အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၁။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဉာဏ်လင်း နေမကောင်းပါသဖြင့် ခွင့်တိုင်ကြားထားပါတယ်။ သို့ဖြစ်ပါ၍ ဦးဉာဏ်လင်း ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ကျွန် တော် ဦးတင်ယု က အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် ဖြစ်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်ပြောပါ။

သဘောမတူလျှင် မတူဘူးပြောပါ။

အဆိုကို သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုသဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို သဘောမတူသူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဆိုင်ရာ ညှဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၃း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းမှာ ခုနတစ်ပိုဒ်ကို ပြင်ဆင်သွားတဲ့အတွက် အပိုဒ် (၁)မှ (၃)အထိကို အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ယခုအဆိုမှာ ဤဥပဒေကြမ်းအပိုဒ်(၁)မှ(၃)တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးပြောပါ။

အဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူ သူ မရှိတဲ့အတွက် အဆိုအတည် ဖြစ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၁၄။**

**ဥက္ကဋ္ဌ** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ပြင်ဆင်ချက်အဆို ဥပဒေကြမ်း၏အပိုဒ်(၄)

လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် လွှတ်တော်ပြင်ပမှ ပြည်ထောင်စုအဆင့် အဖွဲ့အ စည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့်အဖွဲ့ များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ် မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကိုထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း ၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့်လျှို့ဝှက်ချက်များကို တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း ၊ ပုဂ္ဂိုလ် တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့် စပ်လျဉ်း၍ မေးမြန်းခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာ ပြောဆိုခွင့် ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့်အဖွဲ့တို့တွင် တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းတို့နှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်း ဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။ ပြင်ဆင်တဲ့ကိစ္စကတော့ ခုန လွှတ်တော်ပြင်ပမှ ဆိုတာကို ထပ်ပြီးတော့ ဖြည့်ပေးတာဖြစ်ပါတယ်။ ယခုအဆိုမှာ ဤဥပဒေကြမ်း၏ အပိုဒ်(၄)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်ပြောပါ။

သဘောမတူလျှင် မတူဘူးပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆိုအတည် ဖြစ်ပါသည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၃း၁၆။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးတင်ယုက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (က)အရ အမျိုးသားလွှတ်တော်ဆိုင်ရာ

ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဦးတင်ယုက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည် ပြုနိုင်ရန် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၇။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယု တင်သွင်းခဲ့သော အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး မှ ထောက်ခံပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၃း၁၇။**

**ဥက္ကဋ္ဌ။** ။ ယခုအဆိုမှာ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းအား အတည်ပြုရန် ဖြစ်ပြီး ဒီအဆိုကို လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူညီမှု မရှိတဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်၁၃ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၁၄ ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်၊ ကြာသပတေးနေ့ နံနက် ၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အချိန်၊ ၁၃း၁၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မူလဖွဲ့စည်းထားတဲ့ ကော်မတီ(၄)ရပ်နဲ့ ထပ်မံဖွဲ့စည်းထားတဲ့ကော်မတီ(၈)ရပ်မှအပါတဲ့ ကိုယ်စားလှယ်တော်များကလွဲ၍ ကျန်တဲ့ ကိုယ်စားလှယ်တော်ကြီးများ ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစည်းအဝေးကို ၁၃း၁၈ နာရီအချိန်တွင်ရပ်နားပါသည်။]